စစ်ကိုင်းတောင်ရိုး အနီးစခန်းချောင်

ရွှေကျင်နိကာယဂိုဏ်းလုံးဝန်ဆောင်

ဆဋ္ဌသံဂါယနာဝန်ဆောင် သံဃာ့အဖွဲ့ဝင်

နိုင်ငံကျော် ဓမ္မကထိက, အဂ္ဂမဟာပဏ္ဍိတ

အနီးစခန်းဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

ပရိပက္က ဝေဒနီယကံ အကျိုးပြ

# ဥတ္တရာဝိမာန တရားတော်



စစ်ကိုင်းတောင်ရိုး အနိုးစခန်းချောင်


ရွှေကျင်နိကာယဂိုဏ်းလုံးဝန်ဆောင်
ဆဋ္ဌသံဂါယနာဝန်ဆောင် သံဃာ့အဖွဲ့ဝင်
နိုင်ငံကျော် ဓမ္မကထိက, အဂ္ဂမဟာပဏ္ဍိတ
အနီးစခန်းဆရာတော် ဘုရားကြီး
ဟောကြားတော်မူသော

ပရိပက္ကဝေဒနိယကံ အကျိုးပြု

# ဥတ္တရာဝိမာနတရားတော်

## ဓမ္မဒါနပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ကြိုတင်စာမူခွင့်ပြုချက်အမှတ် | - ၂၉/၉၉ (၆) |
| ကြိုတင်မျက်နှာဖုံးခွင့်ပြုအမှတ် | - (၁၄/၉၉) (၈) |
| ထုတ်ဝေကာလ | - ၁၉၉၉ အောက်တိုဘာလ |
| အကြိမ် | - (ပထမအကြိမ်) |
| အုပ်ရေ | - ၁၀၀၀ |
| ပန်းချီ | - ရွှေစိုးဟန် |
| ကွန်ပျူတာစာစီ | - ကိုမန်းအောင်၊ မောင်မင်းဇော် ရွှေမင်းဝံကွန်ပျူတာ ပိုးတန်းရပ်၊ စစ်ကိုင်း။ |
| တန်ဘိုး | - ဓမ္မဒါနအဖြစ် ဖြန့်ဝေသည်။ |
| ထုတ်ဝေသူ | - ဦးမြသန်း (၀၁၅၁) အသိုင်းအဝိုင်းစာပေ အမှတ် (၃၅) သမာဓိလမ်း၊ ဌေစုံရပ်၊ ကမ္ဘာအေး၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - ရွှေစင်ကျော် ပုံနှိပ်တိုက် ၆၄/၄၆၇-စက်မှုဇုန်၊ တောင်/ဒဂုံ၊ ရန်ကုန်မြို့။ |



နိုင်ငံကျော် ဓမ္မကထိက, အဂ္ဂမဟာပဏ္ဍိတ
အနီးစခန်းဆရာတော် ဘုရားကြီး

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်းစကား | ၆ |
| | ထုတ်ဝေသူ၏အမှာ | ၁၂ |
| ၁။ | မြတ်ရတနာတရားဖွင့် | ၁၇ |
| ၂။ | လက်ဖြောက်တစ်ချက် စိတ်ကုဋေတစ်သိန်းဖြစ် | ၂၁ |
| ၃။ | ကုသိုလ်ပြုရာ အရှယ်လိုက်၍ အကျိုးပေး | ၂၁ |
| ၄။ | (၇)ရက်အတွင်း အကျိုးပေးသောကံ | ၂၃ |
| ၅။ | သိပ္ပံတန်ခိုး၊ မြေရှိုးမိုးပျံ | ၂၄ |
| ၆။ | မရေတွက်နိုင်သော ရှေးဦးကုသိုလ်များ | ၂၆ |
| ၇။ | မရေတွက်နိုင်သော လှူဆဲကုသိုလ်များ | ၂၈ |
| ၈။ | လှူပြီးတော့လည်း အမြဲဝမ်းသာ | ၂၈ |
| ၉။ | ပစ္စည်းလေးပါး ယူသုံးစားလည်း အမြဲကြည်ညို | ၂၉ |
| ၁၀။ | သေတော့မှ အလှူပေးရပ် | ၃၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁။ | ဘန်းကြီးနှင့်ခွေး အတူတူထားသတဲ့ | ၃၃ |
| ၁၂။ | ကုသိုလ်ဆိုတာ အကောင်အထည်မရှိ | ၃၄ |
| ၁၃။ | အရွယ်သုံးပါး ပိုင်းခြားပြ | ၃၆ |
| ၁၄။ | ခုနှစ်ဆယ်ကျော်ပေမယ့် ဟောနိုင်တယ် | ၃၇ |
| ၁၅။ | လက်ငင်းအံကျိုး လိုချင်သူများ | ၃၉ |
| ၁၆။ | ပထမဇောကုသိုလ် တစ်ပုံတစ်မကြီး | ၄၁ |
| ၁၇။ | အရွယ်နှစ်မျိုး အကျိုးပေးသောကံ | ၄၃ |
| ၁၈။ | (၇)ရက်အတွင်း အကျိုးပေးသောကံ | ၄၄ |
| ၁၉။ | သဲကမ်းပါးပြိုသလို သဒ္ဓါယိုဖိတ် | ၄၅ |
| ၂၀။ | ယခုဘဝ အကျိုးပေးသောကံ | ၄၆ |
| ၂၁။ | ဒုတိယဘဝ အကျိုးပေးသောကံ | ၄၈ |
| ၂၂။ | သတ္တဝါတိုင်း အမြဲရှိနေသောကံ | ၄၈ |
| ၂၃။ | ဆင်းရဲသားတွေကို ချီးမြှောက်တဲ့သာသနာ | ၅၀ |
| ၂၄။ | သဒ္ဓါတရားရှိမှ ချီးမြှောက်လို့ရ | ၅၁ |
| ၂၅။ | တောပန်းချီ ဘုရားတင် | ၅၄ |
| ၂၆။ | စားတာလည်း မတွေ့ရ | ၅၅ |
| ၂၇။ | ငွေကုန်ရန် မလိုသော ကုသိုလ်များ | ၅၅ |
| ၂၈။ | ဝက်သားယံ ကာပြန်ရှန်းသွားရော ခေါင်းတုံး | ၅၇ |
| ၂၉။ | သဒ္ဓါအားကောင်းသော မယ်ဥတ္တရာ | ၅၉ |
| ၃၀။ | ကုသိုလ် အပေးအယူလုပ်ကြပုံ | ၆၂ |
| ၃၁။ | ငှက်ဖြစ်တောင် ဟစ်ကိုင်းထဲ | ၆၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၃၂။ | ကျောင်းကခွေး ဗိုက်နမ်း | ၆၄ |
| ၃၃။ | ထယ်စာခဲအားလုံး ရွှေဖြစ်ကုန်ကြ | ၆၄ |
| ၃၄။ | ဘုန်းတော်ကြောင့် ပြည်သူပိုင် သိမ်းတော်မူပါ | ၆၅ |
| ၃၅။ | ရွှေက ရွှံ့ဖြစ်ကြပြန် | ၆၇ |
| ၃၆။ | ရွှံ့တုံးက ရွှေဖြစ်ကြပြန် | ၆၇ |
| ၃၇။ | နံနက်ဆင်းရဲသား ညနေသူဌေးသား | ၆၈ |
| ၃၈။ | တရားဟောကောင်းလို့ ပြောင်းဖူးဖုတ်ရောင်းနေရ | ၇၀ |
| ၃၉။ | ဘာသာကွဲမို့ သဘောမတူချင် | ၇၂ |
| ၄၀။ | ဆွမ်းတစ်နပ်မှ မကျွေးရ | ၇၃ |
| ၄၁။ | အမျိုးသမီး ပြည်ကြီးပျော်ဘွယ် | ၇၅ |
| ၄၂။ | ထောပတ်ဆူပွက် သကြွန်ရေပက်သလို | ၇၈ |
| ၄၃။ | လောကုတ္တရာဖခင် ကျေးဇူးရှင် | ၇၉ |
| ၄၄။ | အောင်မြင်ကြောင်းတရား လေးပါး | ၈၂ |
| ၄၅။ | အကုသိုလ် ချက်ချင်းအကျိုးပေး | ၈၄ |
| ၄၆။ | တရားအဆုံးသတ်ပြီ | ၈၆ |
| ၄၇။ | သစ္စာတိုင်ဂါထာများ | ၈၈ |

## နိဒါန်း

## တရားတော်များ

မြတ်စွာဘုရားသည် ဓမ္မရေး, လောကရေး (ဝါ) သာသနာရေး, ဘာသာရေး, ပညာရေး, ကျန်းမာရေး, လူမှုရေးစသည်တို့ကို စုံလင်စွာ ဟောတော်မူခဲ့၏။ ပါဠိတော်, အဋ္ဌကထာ, ဋီကာ စသည်တို့၌ လေ့လာကြည့်ရှုလျှင် သိမြင်မည် ဖြစ်ပါ၏။

## ရှေးခေတ်တရားဟောပုံများ

အချို့ဆရာတော်များက ယပ်ထောင်တရားဟော၍ အချို့ဆရာတော်များက ယပ်လှဲတရား ဟောတော်မူကြ၏။ ယပ်ထောင်မှာ စကားပြေများစွာဖြင့် ရေးသားထားသည်ကို အရကျက်၍ ယပ်ကြီးထောင်ပြီး အသံရှိုးရှိုးကြီးဖြင့် ဟောအပ်သော တရားဖြစ်၏။ ယပ်လှဲမှာ ဂါထာများ၌ ကာရန်နဘေများညီစေပြီး နားဝင်ချိုဖွယ် ရွတ်လျက် အရပ်သုံးစကားများဖြင့် ထင်ရှားအောင် ယပ်ကြီးကို မထောင်တော့ပဲ ဟောပြောအပ်သော တရား ဖြစ်ပါသည်။

## နိုင်ငံကျော်ဓမ္မကထိကများ

လွန်ခဲ့သည့် အနှစ်(၃၀)ကျော်လောက်က မြန်မာပြည်အောက်ပိုင်း၌ ကျိုက်ဝိုင်ဦးကုန္ဒက သာယာဝတီ ဦးဥေယျတို့ ကျော်ကြား၍ အထက်ပိုင်း၌ မင်းကွန်းတိပိဋကဓရဆရာတော် ဖစ်ကိုင်းတောင်ရိုး ဝိဇ္ဇောဒယဆရာတော် အနီးစခန်းဆရာတော်တို့ ကျော်ကြားလျက် ရှိပါသည်။

ထိုတွင် အနီးစခန်းဆရာတော်၏ တရားစာနိဒါန်းဖြစ်၍ ထိုဆရာတော်၏ အကြောင်းကို ရေးပါမည်။ "ဆရာတော်ဟု ရေးလျှင် အနီးစခန်းဆရာတော်ဟု သိမှတ်ပါရန်" ဆရာတော်သည် ပိဋကတ္တယပါရဂူ, ဘာသန္တရဆေက, အဂ္ဂမဟာပဏ္ဍိတ ဖြစ်တော်မူ၏။ အင်္ဂလိပ်စာနှင့် စကားကို ထူးခြားပြောင်မြောက်စွာ ကျွမ်းကျင်တတ်မြောက်တော်မူသည်ဟု ထင်ရှားကျော်ကြား၏။ အင်္ဂလိပ်စကားတတ်သူတို့နှင့်တွေ့လျှင် အင်္ဂလိပ်စကားဖြင့်သာ ဆရာတော်ပြော၏။ တစ်ချိန်က စာရေးသူ (ရဟန်းဘဝ) မကျန်းမမာရှိစဉ် ဝိသုဒ္ဓါရုံသံတော်ဆင့် စာချဆရာတော် ဦးဝါသဝဘိဝံသက ဆရာတော်အား လျှောက်ထားသဖြင့် စာရေးသူကို ဒေါက်တာချူဟန်ထံသို့ ပို့ဖူး၏။ ဆရာတော် ဦးဝါသဝက ဆေးကုခကို ပါဠိဘာသာဖြင့် ဆရာတော်အား မေးလျှောက်သောအခါ ဆရာတော်က ဒေါက်တာချူဟန်ကို အင်္ဂလိပ်ဘာသာဖြင့် တဆင့်မေးလိုက်၏။

ဒေါက်တာချူဟန်က မြန်မာစကားဖြင့် "အခမယူပါဘုရား ကုသိုလ်ဖြစ်ပါး‌နောက်လဲ ဦးပဥ္စင်းကြွလာခဲ့ပါ" ဟု လျှောက်၏။

## ဆရာတော်၏အင်္ဂလိပ်ဘာသာနှင့်တရားစွမ်းရည်

ထို့နောက် ဒေါက်တာချူဟန်က ဘုရားဟော ပါဠိတော် တစ်ကျမ်းကို အင်္ဂလိပ်ဘာသာပြန်ဆိုထားသည့် စာအုပ်ကြီးကို ယူလာ၍ သူ မသိမြင်မရှင်းလင်းသည်တို့ကို မေးရာ ဆရာတော်က အင်္ဂလိပ်ဘာသာဖြင့်ပင် သွက်လက်စွာ ရှင်းလင်းဖြေဆိုပြတော်မူ၏။ ဒေါက်တာချူဟန်က (ဆရာတော်၏ ရှင်းပြချက်ကို သဘောပေါက်၍) "ဆရာတော်ရှင်းပြမှ ဆိုလိုချက်ကို နားလည်ပါသည် ဘုရား" စသည်ဖြင့် မြန်မာစကားဖြင့်ပြန်၍ လျှောက်ပါသည်။

## ဆရာတော်၏ပြောပုံ ဟောပုံ

ဆရာတော်သည် အားကိုးဖွယ်ရာ ကြည်ညိုဖွယ်ရာ အသွင်ရှိ၍ ပြောပုံဆိုပုံ ပွင့်လင်းသဖြင့် ရင်းနှီးပြီးဖြစ်သကဲ့သို့ရှိ၏။ ဆရာတော်သည် အလှူရှင်ကို စိတ်အားထက်သန်စေ၍ ရွှင်လန်းအောင် အားတက်သရော ဟောပြောလေ့ ရှိသဖြင့် ကြီးကျယ်သော အခမ်းအနားတိုင်း၌ ဆရာတော်ပါရှိအောင် ပင့်ကြမြဲဖြစ်၏။ အလှူရှင်က ဆရာတော်ကို ပင့်သည့်ရက်မှာ ဆရာတော် မအားလပ်ပါက ဆရာတော် အားလပ်သောရက်၌ ပင့်၏။ "ဆရာမပါရင် အလှူ မဖြစ်သလောက်ပါပဲ" ဟူသကဲ့သို့ ဆရာတော်၏ တရားကို နာယူရဖို့သာ အဓိကဖြစ်၏။ ဘယ်ရက်ရရ။

## မန္တလေး စိန်မေရီတရားပွဲ

မန္တလေးမြို့ စိန်မေရီကျောင်း၌ တနင်္ဂနွေနေ့တိုင်း နံနက်ပိုင်း

(၈)နာရီမှ(၉)နာရီထိ တရားပွဲရှိ၏။ အနီးစခန်းဆရာတော်.တောင်မြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ စသည်နှင့် ဆရာကြီး ဦးဆန်းထွန်း စသည်တို့ကို အလှည့်ကျပင့်၏။ စာရေးသူနှင့် အဖေါ်နှစ်ပါး တရားပွဲတိုင်းလိုလို ရောက်၏။ ဆရာတော်၏ တရားပွဲ ရက်တိုင်း၌ ဆရာတော်နှင့်အတူ ဝါးတန်း ဒေါ်လှမေ အိမ်သို့ ဆွမ်းစားလိုက်ရ၏။ ဒေါ်လှမေသည် စေတနာထက်သန်သူဖြစ်၍ ဆရာတော်အား ဆွမ်းကပ်ရာ၌ တစ်ပွဲစာ (၅)ပါးဖြစ်အောင် နောက်ပါ (၄)ပါး ပင့်ခေါ်၍ ကြွခဲ့ပါဟု လျှောက်ထားသဖြင့် ဆရာတော်က (၄)ပါးခေါ်ရာတွင် သံတော်ဆင့် စာချ ဆရာတော် ဦးဝါသဝနှင့် စာရေးသူပါဝင်၏။ ဆရာတော်၏ ဘုန်းရိပ်ကို မှီခိုရခြင်း ဖြစ်၏။ ဒေါ်လှမေသည် အချက်အပြုတ်ဝါသနာပါ၏။ ကိုယ်တိုင် ချက်၏။ ဟော်တယ်ဟင်းများထက်သာ၍ ကောင်း၏။

အချို့ပွဲတွင်လည်း စုံလှ၏။ ဆရာတော်ဟောသည့် တရားကို ကြည်ညို၍ ဓမ္မပူဇာပြုသည့်သဘောဖြင့် ဆွမ်းကပ်ခြင်း ဖြစ်ပါ၏။ ဘုရားဆွမ်းတော်လည်း ကောင်းမွန်စွာ တင်၍ သံဃာ(၅)ပါးအား ဆွမ်းကပ်ခြင်း ဖြစ်သဖြင့် ဗုဒ္ဓပူဇာ, ဓမ္မပူဇာ, သံဃပူဇာ, ဖြစ်သည်ကို ကြည်နူးလှပါသည်ဟု လျှောက်၏။

## မြင်စွမ်းတော်မူခြင်း

ဆရာတော်သည် ဝိသုဒ္ဓါရုံ သံတော်ဆင့် စာချဆရာတော် ဦးဝါသဝါဘိဝံသကို အလွန်ချီးမြှောက်၏။ စာချကောင်း၍ တပည့်

ကောင်းများ ပေါ်ထွက်ပြီး ပေါ်ထွက်ဆဲ ပေါ်ထွက်လတ့်ဖြစ်၍ ချီးမြှောက်ရသည်ဟု မိန့်၏။ စာချဆရာတော် ဦးဝါသဝ ရန်ကုန်ဝိသုဒ္ဓါရုံ မထူထောင်မီ မန္တလေး၌ရှိစဉ် ဆရာတော်က ဝါးတန်း၌ ဆွမ်းခံအိမ်များ ဖိတ်ပေး၏။ ဆရာတော်ဉာဏ်ဖြင့် မြင်သည့်အတိုင်း ဦးဝါသဝ ရန်ကုန်ဝိသုဒ္ဓါရုံ ထူထောင်လိုက်သောအခါ ထိုတိုက်မှ ပိဋကတ်သုံးပုံအာဂုံ ရေးဖြေ အပြည့်အစုံပြီးသော အရှင်(၂)ပါး ပေါ်ထွက်လာ၏။ (၂)ပုံခွဲတစ်ပါး၊ တစ်ပုံအောင်များများလည်း ပေါ်ထွက်၏။ ဆရာတော် ကြိုတင်မြင်စွမ်းပါပေစွ။

## လေးစားခံရခြင်း

ဆရာတော်ကို ထေရ်ကြီး, ထေရ်လတ်, သီတင်းငယ်တို့က အလွန်လေးစား၏။ စာရေးသူဆရာတော့်ထံ၌ နေ့စဉ် ၁၃၁၈ ခုနှစ်က ပဝါရဏာနေ့၌ အတိသုဒ္ဓါရုံချောင်သို့သွားနှင့်ကြဟု ဆရာတော်က မိန့်သဖြင့် စာရေးသူတို့ သွားနှင့်ကြရ၏။ အတိသုဒ္ဓါရုံ၌ သံဃာတော်တော်များများ ရောက်နေပြီဖြစ်၍ အချင်းချင်း အာလာပ သလ္လာပ ဟိုတစ်စုသည်တစ်စု ပြောနေကြ၏။ ဆရာတော် ကြွလာ၍ အတိသုဒ္ဓါရုံချောင် တံခါးသို့ ဝင်လိုက်သည့်အခါ “ အနီးစခန်း ဆရာတော် ကြွလာပြီ” ဟု ဦးပဉ္ဇင်းတစ်ပါးက ပြောလိုက်ရာ အားလုံး စကားပြောရပ်၍ ငြိမ်သက်တိတ်ဆိတ်သွား၏။ ဆရာတော်ကို လေးစားသည့် ပုံအသွင်ဖြင့် ကြိုဆိုအလေးပြုသကဲ့သို့ သရုပ်ပေါ်လေ၏။

## ဆဋ္ဌသံဂါယနာ

ဆရာတော်သည် ဆဋ္ဌသံဂါယနာ တင်ရာ၀ယ် ရှေ့တန်းက ဆောင်ရွက်သော ပုဂ္ဂိုလ်တို့တွင် တစ်ပါး အပါအဝင် ဖြစ်တော်မူ၏။ ပိဋကတ်၌ ကျွမ်းကျင်သည့်အပြင် ဘာသန္တရဆေကလည်းဖြစ် တက်တက်ကြွကြွလည်း ဆောင်ရွက်သဖြင့် ထင်ရှားတော်မူလှ၏။

## တရားတော်များကို ပုံနှိပ်ဖြန့်ဝေသင့်ပြီ

ဆရာတော်၏ ကြည်ညိုဖွယ်ရာ သံဝါချိုချိုဖြင့် ပေါ်ထွက်လာသော ပိုင်နိုင်ပြတ်သားသည့် တရားသံကား "ကြားနာရုံပင်, အပူစင်၍, ကျင့်လျှင်ချမ်းသာ" ဟူသည်နှင့်အညီ ကြည်သာသောစိတ်ဖြင့် နာယူ၍ အားမရနိုင် မဝင်နိုင်အောင်ရှိလှ၏။

တရားသားရော ဝတ္ထုကြောင်းရော ဟောပြောပုံ ကောင်းလှ၍ သင်ခန်းစာ အပြည့်အ၀ ပါရှိနေ၏။ သို့ပါ၍ ဆရာတော်၏ တရားစာများကို စာအုပ်အဖြစ် ပုံနှိပ်ဖြန့်ဝေသင့်သည်မှာ ကြာပြီဖြစ်၏။ ယခု ရှေးဦးစွာ ဖြန့်ဝေသည့် "ဥတ္တရာဝိမာန တရားတော်"ကို ရယူကြည့်ရှု၍ အကြားအမြင်နှင့် ကုသိုလ်တရားပွါးကြပါစေဟု ဆန္ဒပြုအပ်ပါသတည်း။

ထွန်းလွင်
မေဓာစရိယသိရောမဏိ
ဟံသာဂီရိ၊ စစ်ကိုင်း။

## ထုတ်ဝေသူ၏ အမှာစကား

(က)

မိမိတို့၏ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ အနီးစခန်း ဆရာတော်ဘုရားကြီး လွန်တော်မူခဲ့သည်မှာ နှစ်ပေါင်း (၂၃)နှစ် တင်းတင်းပင် ပြည့်ခဲ့ပါပြီ။ ဆရာတော်ကြီး လွန်တော်မူခဲ့သည်မှာ ၁၃၃၃ခုနှစ်၊ တပို့တွဲလကွယ်နေ့ဖြစ်သည်။

(ခ)

မိမိသည် ဆရာတော်ကြီး၏ ကျေးဇူးဂုဏ်အနန္တကို အမှတ်တရ ပူဇော်လိုသည်တစ်ကြောင်း, ဟောတရားများ စာပေတွင် အသက်ဝင်၍ ဆက်လက်ရှင်သန်ကာ သာသနာပြုစေလိုသည်က တစ်သွယ်တို့ကြောင့် သူငယ်ချင်းဖြစ်သူ အရှင်ပညာသိရီ (ယခု-မုံရွာမြို့၊ အတိသာရဆရာတော်) နှင့် တိုင်ပင်ကာ အနီးစခန်းဆရာတော်၏ တရားတော်များကို တိတ်ခွေအဆင့်မှ စာပေအဖြစ်ရောက်အောင် တရားတော်ပေါင်း (၁၅)ပုဒ်မျှ ရေးကူးခဲ့ပါသည်။

ထို့နောက် စာမူချောများကို ဖတ်ရှုပြင်ဆင်နိုင်ရန် မန္တလေးမြို့မှ

မဟာဝိသုဒ္ဓါရုံ ဝါဆိုဆရာတော်, မင်္ဂလာ့ဗိမာန်ဆရာတော်, မြတောင်ရွှေဝါဝင်းဆရာတော်, ခေမာဝင်းဆရာကော်တို့ထံ အပ်နှံခဲ့ပါသည်။

ထို ဆရာတော်များ ဖတ်ရှုပြင်ဆင် အချော်သတ်ပေးလိုက်သည့် စာမူချောများကို စာအုပ်အဖြစ် ရိုက်နှိပ်ရန် ဆရာတော်ကြီး၏ တပည့်ဖြစ်ခဲ့ဖူးသူ တာဝန်ယူ ရိုပ်နှိပ်သူတစ်ဦးအား ထုတ်ဝေဖို့ အပ်နှံခဲ့ရာတွင် စံကင်းဆရာတော်ဘုရားကြီး၏ ရာပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ်ဖြင့် ဟောကြားသော "ဗာကုလသုတ္တန်တရားတော်" တစ်ပုဒ်သာ စာအုပ်အဖြစ်သို့ ရောက်ရှိခဲ့ကာ ကျန်စာမူများမှာမူ စာအုပ်လည်းမဖြစ်, စာမူလည်းပျောက်ကာ လက်စသိမ်းခဲ့ရပါတော့သည်။

ထို့အပြင် မိမိ၏ လက်ဝယ်ကျန်ရှိသေးသည့် တရားစာမူတစ်ချို့ကိုလည်း သူငယ်ချင်းများက ငှါးရမ်းသွားကြပြန်သဖြင့် အပြည့်အစုံ မရှိတော့ပေ။ သည်လိုနှင့် မေ့မေ့လျော့လျော့ နေလာခဲ့မိပါတော့သည်။

(ဂ)

တစ်နေ့တွင် အနီးစခန်းဆရာတော်ကြီး၏ တပည့်ကြီးတစ်ပါးဖြစ်သူ ပထမ မစိုးရိမ်ချောင် ဆရာတော်ထံ ဆည်းကပ်စဉ် မစိုးရိမ်ဆရာတော်က....

"ဟော့....အနီးစခန်း"

"မိန့်တော်မူပါဘုရား"

"တို့ဆရာ အနိုးစခန်းဆရာတော်ကြီးရဲ့ ဟောတရားတော်တွေ တိတ်ခွေအဖြစ်ကနေ စာအုပ်အဖြစ် မှတ်တမ်းတင်နိုင်အောင် မင်း ကြိုးစားစမ်းပါ ဒီလိုမှ မဟုတ်ရင် ကြာတော့ ပျောက်ပျက်ကုန်လိမ့် မယ်။"

"မှန်ပါ....ဒီအလုပ်မျိုးကို သီတဂူဆရာတော် ဆောင်ရွက်ရင် ပိုအောင်မြင်ဖို့ လွယ်ကူပါ့မယ် ထင်ပါဘုရား။"

"အေး....သီတဂူဆရာတော် ဆောင်ရွက်ရင် ပိုလွယ်ကူတာ တော့ မှန်တယ်၊ ဒါပေမယ့် သီတဂူဆရာတော်က မအားဘူးလေ။ သူက မြန်မာပြည်သာမက ကမ္ဘာနဲ့ချီပြီးတော့ကို အလုပ်ကြီးတွေ လုပ်နေရတာ။ မင်းပဲ မဖြစ်ဖြစ်အောင် လုပ်စမ်းပါ။"

ပထမ မစိုးရိမ်ဆရာတော်ကြီးထံ ဝန်ခံကတိပြုခဲ့ပြီးနောက်ပိုင်း ယခုနှစ် ၁၃၆၁ခုနှစ် ဝါတွင်းမှစတင်၍ မိမိနှင့် ငါးပညာရင်းဖြစ်သူ မောင်ညွှန့်ဝင်းတို့ နှစ်ဦးသား အနိုးစခန်းဆရာတော်ကြီး၏ တရား တော်များကို ကတ်ဆက်တိတ်ခွေမှ လက်ရေးမူအဆင့်ထိ ရေးကူး မှတ်တမ်းဟင်ကြပါသည်။

ဤသို့ ဆောင်ရွက်နေစဉ်မှာပင် မိမိ၏တပည့် မောင်ညွှန့်ဝင်းနှင့် စစ်ကိုင်း ရွှေဟသာ်ာတိုက်သစ်ကျောင်းတိုက်မှ စာချ, စာရေးသူ အရှင်အာစာရလက်ာရတို့ ဆက်သွယ်မိကြပြီး ထို အရှင်အာစာရ လင်္ကာရ ၏ အားပေးစကား, အကြံဉာဏ်စကား, ကိုယ်စွမ်း, ဉာဏ်စွမ်း ကူညီမှုအား တို့ကိုပါ ပါဝင်ပေါင်းစပ်လိုက်သောအခါ ယခု စာရှုသူတို့ ဖတ်ရှုကြည်ညိုကြရတော့မည့် ပရိပက္ကဝေဒနီယကံ

အကျိုးပြု "ဥတ္တရာဝိမာန တရားတော်" သည် တိတ်ခွေအဆင့်မှ စာအုပ်အဖြစ်အထိ အောင်မြင်စွာ မှတ်တမ်းတင် ထုတ်ဝေနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

(ဃ)

- ဤ ပရိယတ္တဝေဒနီယ ကံအကျိုးပြု "ဥတ္တရာဝိမာနတရားတော်" စာမူကို ဖတ်ရှုပြင်ပေးသော ပါဠိကာရီ သုံးခွကျောင်းတိုက်, အရှင်မဟောသဓာဘိဝံသအားငှင်း,
- ကွန်ပျူတာစာမူ ပရုဖတ်ခြင်းမှစ၍ အစစအရာရာ ကူညီဆောင် ရွက်ပေးသော အရှင်အာစာရာလင်္ကာရ (စစ်ကိုင်း၊ ရွှေဟင်္သာ) အားငှင်း,
- တိတ်ခွေမှ လက်ရေးမူ ရေးကူးခြင်းမှစ၍ အစစအရာရာ ကူညီ ဆောင်ရွက်ပေးသော တပည့်ဖြစ်သူ မောင်ညွှန့်ဝင်း (ဓမ္မာစရိယ + ဝိနယဝိဒူ) အားငှင်း,
- စာအုပ်အတွက် ငွေကြေး ဓမ္မဒါန လှူဒါန်း ပါဝင်ကြသော ကုသိုလ်ရှင်များအားငှင်း အထူးကျေးဇူး တင်ရှိပါကြောင်း မှတ် တမ်းတင်အပ်ပါသည်။

အရှင်သုမင်္ဂလ<br>
ပဓာနနာယကဆရာတော်<br>
အနီးစခန်းချောင်<br>
စစ်ကိုင်းတောင်ရိုး။

# ဤ

ပရိပက္က ဝေဒနိယကံ အကျိုးပြ
“ဥတ္တရာဝိမာန တရားတော်ကို”
ကိုညွန့်ဝင်း (မွှာစရိယ၊ ဝိနယဝိဒူ)
(စခန်းနွယ်) ရေးကူး၍
အရှင်မဟောသဓာဘိဝံသ–က
ပြင်ဆင်တည်းဖြတ်ကာ
အရှင်အာစာရာလင်္ကာရ
(စစ်ကိုင်းရွှေဟင်္သာ) က
ခ-အုပ်ရိုက်နှိပ်ပေးပြီး
အနီးစခန်းချောင်ဆရာတော်
အရှင်သုမင်္ဂလ (မွှာစရိယ)က
တာဝန်ယူ ထုတ်ဝေသည်။

# ဥတ္တရာဝိမာန တရားတော်

## မြတ်ရတနာတရားအဖွင့်

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊
ဟိတာယ သဗ္ဗပါဏိနံ။
ဓမ္မော လောကေ သမုပ္ပန္နော၊
သုခါယ သဗ္ဗပါဏိနံ။
သံဃော လောကေ သမုပ္ပန္နော၊
ပုညခေတ္တံ အနုတ္တရံ။

ဗုဒ္ဓေါ-သစ္စာလေးပါး, တရားမြတ်ကို ပိုင်းဖြတ်ထင်ထင်, သိမြင်တော်မူသော ဘုရားရှင်သည်။ လောကေ-ကာမ, ရူပ, အရူပဟု လောကသုံးခွင်, ဘုံအပြင်၌။ သဗ္ဗပါဏိနံ-သံသရာကြော, စုန်ဆန်မျောရင်း, အတောမသတ်, စက်ရဟတ်တွင်, မပြတ်လည်စွာ, များသတ္တဝါတို့၏။

ဟိတာယ-လူနတ်နိဗ္ဗာန်, သုံးတန်မျိုးစား, **အစီးအပွါးအလို့ငှါ။** သမုပ္ပန္နော-အမြတ်ဆုံးရတနာ, ကိုးကွယ်ရာဟု, ထင်စွာမသွေ, ပွင့်ထွန်း ပေါ်ပေါက်၍ လာပါပေ၏။

မဗ္ဗော-မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ်, ဆယ်ပါးသော တရားတော်မြတ်သည်။ **လောကေ-ကာမ,** ရူပ, အရူပဟု, လောကသုံးခွင်, ဘုံအပြင်၌။

သင်္ဃပါဏိနံ-သံသရာကြော, စုန်ဆန်မျောရင်း, အတောမသတ်, စက်ရဟတ်တွင်, မပြတ်လည်စွာ, များသတ္တဝါတို့၏။ **သုခါယ-လူ** နတ်နိဗ္ဗာန်, သုံးတန်ချမ်းသာ, ပွါးတိုးခြင်းအကျိုးငှါ။ **သမုပ္ပန္နော-**အမြတ်ဆုံးရတနာ, ကိုးကွယ်ရာဟု, ထင်စွာမသွေ, ဖြစ်ထွန်း ပေါ်ပေါက်၍ လာပါပေ၏။

သံဃော-ကိလေသာရန်, ချိုးလှန်ပယ်ဖျောက်, ရှစ်ယောက် အရိယာ, သမ္မုတိထေရ်သံဃာ အပေါင်းသည်။ **လောကေ-ကာမ,** ရူပ, အရူပဟု, လောကသုံးခွင်, ဘုံအပြင်၌။ **သင်္ဃပါဏိနံ-သံသရာ** ကြော, စုန်ဆန်မျောရင်း, အတောမသတ်, စက်ရဟတ်တွင်, မပြတ် လည်စွာ, များသတ္တဝါတို့၏။

**အနုတ္တရံ-အတုမရှိ,** မြတ်လှစွာသော။ **ပုညခေတ္တံ-ကောင်းမှု** ပုည, ကုသလကို, ကျဲချစိုက်ပျိုးရာ, လယ်ယာမြေကောင်းသဖွယ်, အံ့ဖွယ်အစစ် အဖြစ်ကြီး ဖြစ်ပေတော့သည်တကား....

သာဓု.... သာဓု.... သာဓုပါ ဘုရား

နိဒါန်းစကား

'၁၃၃၁' ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော်(၂)ရက်နေ့ည
မန္တလေးမြို့, ဒေါင်းရိုးရပ်
အလှူဒါယကာ ဦးလှမောင် အလှူဒါယိကာမ ဒေါ်သိန်းငွေတို့၏
အလှူမင်္ဂလာမဏ္ဍပ်၌ ဟောကြားအပ်သော

## ပရိပက္ကဝေဒနိယကံအကျိုးပြ ဥတ္တရာဝိမာန တရားတော်

အနေကဇာတင်, ရှင်ပြု, နားသ, မင်္ဂလာဖိတ်ကြားစာတဲ့, တရားတော်နာ ဖိတ်ကြားစာမှာ ရေးထားတာက....

အနန္တငါးပါး ဦးထိပ်ထားလျက် မန္တလေးမြို့ ဒေါင်းရိုးရပ် ဦးကြီး ဦးလှတင်-ဒေါ်စောမြိုင်၊ အမိ ကျောင်းအမကြီး ဒေါ်ဒေါ်မြိုင်၊ လက်ရွေးကြီးရပ် အစ်ကို ဦးတင်-ဒေါ်သန်းခင် တို့ကို အမှူးထား၍ အလှူဒါယကာ ဦးလှမောင် အလှူဒါယိကာမ မသိန်းငွေ တို့က လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။ ဒါ လိုရင်း သူတို့ ဖိတ်တာ။

ဒီတော့ သူတို့ အလှူရက်က ဖိတ်စာလည်း ရပြီးသား နေကြမှာပါ။ တန်ဆောင်မုန်းလပြည့်ကျော် (၆)ရက်နေ့ အလှူဝင်၊ (၇)ရက်နေ့မှ ပရိတ်တရားနာ၊ ဒီတော့, တရားဟောထည့်ထားတာက '၁၃၃၁' ခု တန်ဆောင်မုန်းလပြည့်ကျော်(၂)ရက်နေ့ည စစ်ကိုင်းတောင်ရိုး အနီးစခန်းဆရာတော်, လပြည့်ကျော်(၃)ရက်နေ့ည စစ်ကိုင်းတောင်ရိုး ဝိပဿနာဂန္ဓာရုံ ဆရာတော် ဦးဝိမလ, လပြည့်ကျော်(၄)ရက်နေ့ည မန္တလေးမြို့မဟာဝိသုဒ္ဓါရုံတိုက် စည်ရှင်ကျောင်း

မဟာစရိယဆရာတော် ဦးမဟာဝုဓာဘိဝံသ, လပြည့်ကျော် (၇)ရက်နေ့ (၂)နာရီအချိန် မင်းကွန်းတိပိဋကဓရ မဟာဘဏ္ဍာဂါရိက မဟာဗုဒ္ဓဝင်ကျမ်းပြုဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီးက ရေစက်ချတရား ဟောတော်မူပါမည်။ အထက်ပါ ဆရာတော်ကြီးများက ညစဉ်(၇)နာရီ အချိန်တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ်ကို ဟောကြား ချီးမြှင့်တော်မူမည် ဖြစ်ပါ၍ တရားတော်နာကြွရောက်ရန် အထူး ဖိတ်ကြားအပ်ပါသည်တဲ့။

(၇)နာရီအချိန်တွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ်ကိုး။ ဒါကတော့ အလှူတိုင်းပါတယ်။ အဲဒီတော့ ဒီအသံချဲ့စက် သွားအမိန့်ခံတဲ့ အခါကျတော့ သူ့ကို သက်ဆိုင်ရာက ပြောသတဲ့။

"ခင်ဗျားတို့ နိဗ္ဗာန်ရောက်ကြောင်း နိဗ္ဗာန်ရောက်ကြောင်းနဲ့ ဘယ်ဆရာတော်တုန်းဗျ" လို့ မေးသတဲ့။ "အနီးစခန်းဆရာတော်" ဆိုတော့ "အဲဒါမှ ခက်တာပဲဗျ" လို့ပြောသတဲ့။ ဟုတ်လား ကိုင်း.... ရှိပစေ။ ဒီကနေ့ည နိဗ္ဗာန်ရောက်ကြောင်းတရား အစစ်ကို ဟောရမှာ ရောက်တာ မရောက်တာတော့ ကိုယ်တာဝန် မယူဘူး၊ ကြားရဲ့လား။ ကိုယ် ဒီကနေ့ည တရားကတော့ နိဗ္ဗာန်ရောက်ကြောင်းအစစ်ပဲ ဟောမယ်။

အလှူ့ဒါယကာ ကိုလှမောင်ရဲ့ ဟုတ်လား၊
မှန်လှပါဘုရား၊
ဘယ်မတုန်း အလှူ့အမ မသိန်းငွေက၊
ရှိပါတယ်ဘုရား။

ရှိသလား, ဘယ်သူမှန်း ကိုယ်မသိဘူး။ ကဲ ရှိရင်ပြီးရော့ အေး နေပစေ။

## လက်ဖျောက်တစ်ချက်, စိတ်ကုဋေတစ်သိန်းဖြစ်

ဧကသ္မိံ ဟိ အစ္ဆရက္ခဏေ အနေကာနိ စိတ္တကောဋိ သတသဟဿာနိ ဥပ္ပဇ္ဇန္တိ၊

( နိဒါနဝဂ္ဂအဋ္ဌကထာ အဿုတဝါသုတ် - ၉၂ )

ဟိသစ္စံ-မှန်၏။ ဧကသ္မိံ-တစ်ခုသော။ အစ္ဆရက္ခဏေ-လက်ဖျောက်တီးသောခဏ၌။ အနေကာနိ-များစွာကုန်သော။ စိတ္တကောဋိ သတသဟဿာနိ-စိတ်ကုဋေတစ်သိန်းတို့သည်။ ဥပ္ပဇ္ဇန္တိ-ဖြစ်ကုန်၏။ ဒါက အဋ္ဌကထာပါဠိတရား၊ နောက်တစ်ခုက....

ယံ ပဌမဝယေ ကတံ ပဌမဝယေဝါ မဇ္ဈိမဝယေဝါ ပစ္ဆိမဝယေဝါ ဝိပါကံ ဒေတိ၊ မဇ္ဈိမဝယေ ကတံ မဇ္ဈိမဝယေဝါ ပစ္ဆိမဝယေဝါ ဝိပါကံ ဒေတိ၊ ပစ္ဆိမဝယေ ကတံ တတ္ထေဝ ဝိပါကံ ဒေတိ၊ တံဒိဋ္ဌဓမ္မဝေဒနီယံနာမ၊ ယံပန သတ္တ ဒိဝသဗ္ဘန္တရေ ဝိပါကံ ဒေတိ၊ တံပရိ ပက္ကဝေဒနီယံနာမ ဟောတိ၊ တံကုသလမ္ပိ ဟောတိ အကုသလမ္ပိ။ (ဥပရိပဏ္ဏာသအဋ္ဌကထာ ဒေဝဒဟသုတ်နှာ-၃)

## ကုသိုလ်ပြုရာ အရွယ်လိုက်၍ အကျိုးပေး

ဒါ အဋ္ဌကထာတစ်စောင်မှာဆိုတဲ့တရား၊ အဲဒီနှစ်ခု မူထားပြီးတော့ ဒီအလှူကြီးနဲ့ ပတ်သက်လို့ [illegible] အလှူအမှု

သာသနာတော်ထွန်းကား [illegible]
၂၄၄၄ ၆ ၅ ကမ္ဘာအေး၊ ရန်ကုန်

တရားနာပရိသတ် ဒကာလှမောင် ဒကာမသိန်းငွေးတို့ကို အမှူး ထားပြီးတော့ အားလုံးသော တို့တရားနာပရိသတ် သိစရာ, မှတ်စရာ တွေကို ဒီနေ့ည ဟောမယ် သိပ်တော့ရှည်မှာမဟုတ်ဘူး။ ဒီတော့ ကိုယ်အခု ရွတ်တဲ့ပါဠိကို အနက်နည်းနည်း ပေးကြဦးစို့။

**ပဌမယေဝ-ပထမအရွယ်၌။ ကတံ-ပြုအပ်သော။ ယံကမ္မံ- အကြင်ကုသိုလ်ကံသည်။ ပဌမဝယေဝါ-ပထမအရွယ်၌လည်း ကောင်း။ မဇ္ဈိမဝယေဝါ-အရွယ်အလတ်ဟု ဆိုအပ်သော မဇ္ဈိမ အရွယ်၌လည်းကောင်း။ ပစ္ဆိမဝယေဝါ-နောက်ဆုံးဖြစ်သော ပစ္ဆိမ အရွယ်၌လည်းကောင်း။ ဝိပါကံ-အကျိုးကို။ ဒေတိ-ပေးတတ်၏။**

ကုသိုလ်ပြုနေတဲ့ တို့ တရားနာပရိသတ် အလှူမပေးဖူးတဲ့ ပုဂ္ဂိုလ်မပါပါဘူး။ ဒီအထဲ အကုန်လုံး အနည်းနှင့်အများ အလှူတွေ ပေးနေ၊ နေ့စဉ် နေ့တိုင်းလည်းပဲ ပိဏ္ဍပါတ်ဆိုပြီးတော့ ဆွမ်းခံ ကိုယ်တော်တွေကို လောင်းလှူနေကြတယ်၊ ဒီအထဲ အထူးဆိုပြီး တော့ အခါအားလျော်စွာ ကထိန်အခါကြီးများမှာလည်း ရတ်ရတ် သဲသဲ လှူကြတယ်, တန်းကြတယ်, ဘုရားပွဲတွေ ဆွမ်းလောင်းပွဲတွေ ဆိုလည်း ရတ်ရတ်သဲသဲ လှူကြ, တန်းကြ, အလှူနဲ့လက်နဲ့ ပြတ်လှ တယ်မရှိပါဘူး။ တို့ တရားနာ ပရိသတ်တွေမှာ အလှူနဲ့ပတ်သက်တဲ့ အချက်တွေကို သိထားဘို့ လိုအပ်တယ်လို့ သဘောကျတယ်၊ သဘောကျလို့ ဒီကနေ့တော့ အလှူနဲ့, အတန်းနဲ့ ပတ်သက်တဲ့ အကြောင်းကို ဒီကနေ့ည ဟောမလို့ပါ။

**မဇ္ဈိမဝယေ-မဇ္ဈိမအရွယ်၌။ ကတံ-ပြုအပ်သော။ ယံကမ္မံ-**

အကြင်ကံသည်။ **မဇ္ဈိမဝယေဝါ**-အလယ်အလတ်ဟုဆိုသော မဇ္ဈိမ အရွယ်၌လည်းကောင်း။ **ပစ္ဆိမဝယေဝါ**-နောက်ဆုံးဖြစ်သော ပစ္ဆိမ အရွယ်၌လည်းကောင်း။ **ဝိပါကံ**-အကျိုးကို။ **ဒေတိ**-ပေးတတ်၏။

**ပစ္ဆိမဝယေ**-နောက်ဆုံးဖြစ်သော ပစ္ဆိမအရွယ်၌။ **ကတံ**-ပြုအပ်သော။ **ယံကမ္မံ**-အကြင်ကံသည်။ **တတ္ထေဝ**-ထိုပစ္ဆိမအရွယ်၌သာလျှင်။ **ဝိပါကံ**-အကျိုးကို။ **ဒေတိ**-ပေးတတ်၏။ **တံ**-ထိုအရွယ်သုံးပါးတို့တွင် တစ်ပါးပါး၌ အကျိုးပေး၍ နေတဲ့ကံသည်။ **ဒိဋ္ဌဓမ္မဝေဒနိယံနာမ**-မျက်မှောက်သော ကိုယ်၏ အဖြစ်၌ ခံစားအပ်သောကံမည်လေတော့၏။

ဒိဋ္ဌဓမ္မဝေဒနိယကံရဲ့ အဓိပ္ပါယ် အကျယ်ကိုတော့ နောက်တော့မှ ဖြေးဖြေးပြောဦးမယ်၊ နောက်ပါဋ္ဌိတစ်ရပ်က....

## (၇)ရက်အတွင်းအကျိုးပေးသောကံ

**ယံ ပန သတ္တဒိဝသဗ္ဘန္တရေ ဝိပါကံ ဒေတိ။**

**ယံပန**-အကြင်ကံသည်ကား။ **သတ္တဒိဝသဗ္ဘန္တရေ**-ခုနစ်ရက်အတောအတွင်း၌။ **ဝိပါကံ**-အကျိုးကို။ **ဒေတိ**-ပေး၏။ **တံ**-ထိုခုနစ်ရက်အတွင်း၌ အကျိုးပေးတဲ့ကံသည်။ **ပရိပက္က ဝေဒနီယံနာမ**-ရင့်ကျက်သောကံ မည်သည်။ **ဟောတိ**-ဖြစ်၏။ **တံ**-ထိုပရိပက္ကဝေဒနိယကံသည်။ **ကုသလမ္ပိ**-ကုသိုလ် ကံသည်လည်း။ **ဟောတိ**-ဖြစ်၏။ **အကုသလမ္ပိ**-အကုသိုလ် ကံသည်လည်း။ **ဟောတိ**-ဖြစ်၏။

အဲဒါ အဋ္ဌကထာတစ်စောင်၊ ဒီတော့ ဒီအလျှုမှာ ဒကာ

လှမောင်၊ ဒကာမသိန်းငွေတို့ အလှူမှာ တရားဟောဖို့ လျှောက်ထား တာ ဝါဆိုဦးက, ထီးချိုင့်ကို သွားတဲ့အချိန်တုန်းက လျှောက်ထားတာ။

'ငါမအားဘူးကွာ၊ အဲဒီရက်တော့ ပဲခူးသွားရမှာ' ဆိုတော့ သူက လိုချင်တာက (၄)ရက်နေ့လောက် လိုချင်တယ်ပေါ့လေ။ မအားဘူး ကွာ၊ အဲဒီရက် ပဲခူးမှာ ငါတရားဟောနေလိမ့်မယ်။ ဒါနဲ့ အဲဒါ မဖြစ် အဖြစ် ဆိုပြီးတော့ ကိုယ်တော်ကြီးကို အမည့်ခွေ ခွေချင်နေတာ၊ ဒကာလှမောင် ကြားလား။ ဒီတော့(၂)ရက်နေ့ ဆိုပြီးတော့ ကတ်သီး ကတ်သတ် နဂိုက အစီအစဉ်က (၂)ရက်နေ့ တရား တိုတိုတုတ်တုတ် ဟောပြီးတော့ မီးရထားဆင်းအိပ်ဖို့ပါပဲ။ နောက်တော့ စဉ်းစားတယ်။ ကိုယ်လည်း အသက်ကြီးပြီ၊ တရားကလည်း ဟောသွားပြန်တယ်၊ မီးရထားပေါ်မှာ တော်တော်နေ လှုပ်လှုပ် လှုပ်လှုပ်နဲ့ အိပ်မပျော် ရင် ဟိုကျတော့ ငါ တရားဟောနိုင်မှာ မဟုတ်ဘူး။ ဒီတော့ (၂)ရက် နေ့ ဟောပြီးတော့ ကျောင်းပြန်အိပ်၊ (၃)ရက်နေ့မှ လေယာဉ်ပျံနဲ့ သွားရရင် ကောင်းလိမ့်မယ် ဆိုပြီးတော့ အဲဒါ လေယာဉ်ပျံ အသွား အပြန်လက်မှတ် အယူခိုင်းထားလိုက်တယ်။ ယူပြီးပါပြီ။

## သိပ္ပံတန်ခိုး မြေရှီးမိုးပျံ

ခုတော့ လေယာဉ်ပျံနဲ့သွားဖို့ လုပ်လိုက်တယ်။ အပင်ပန်း မခံနိုင်လို့ လေယာဉ်ပျံက နာရီပိုင်းနဲ့ ရောက်တယ်။ ဒါကြောင့်လည်း သိပ္ပံပညာကို အားကိုးကြတာပေါ့။ အသွား, အလာ တယ်မြန်တယ် ကိုး။ သေတော့လည်း မြန်တာပဲ။ တစ်နေ့က သတင်းစာထဲ

တွေ့လိုက်တယ်၊ ဘယ်လည်းမဆိုနိုင်ဘူး။ အာဖရိကထဲက တိုင်းပြည် တစ်ခု လေယာဉ်ပျက်ကျသွားတာ လူ(၈၀)သေရော၊ ဟုတ်လား။ ပျက်ကျတော့လည်း အဆီးအတား မရှိပေါ့။ ပျက်လို့သေတော့လည်း သိပ္ပံပညာပဲပေါ့ ဟုတ်လား။ အဲ မသေတော့လည်း မြန်မြန်ဆန်ဆန် သွားနေရတာ သိပ္ပံပညာပေါ့။ ကိုင်း ရှိစေ၊ တို့ ပထမရွတ်တဲ့ အဋ္ဌကထာပါဠိကို အဓိပ္ပါယ် ပြောရအောင်။

ဟိ-မှန်၏။ **ကေသဂ္ဂ**-တစ်ခုသော။ **အစ္ဆရက္ခဏေ**-လက်ဖြောက် တီးသောခဏ၌။ **အနေကာနိ**-များစွာကုန်သော။ **စိတ္တကောဋိသတ သဟဿာနိ**-စိတ်ကုဋေတစ်သိန်းတို့သည်။ **ဥပ္ပဇ္ဇန္တိ**-ဖြစ်ပေါ်ကြလေ ကုန်၏။

လူသားသတ္တဝါသန္တာန်မှာ သတ္တဝါဆိုရင် အကုန်လုံး အတူတူ ချည်းပဲတဲ့၊ သို့သော် လူသား ပရိသတ်တွေနဲ့ အလုပ်လုပ်နေတဲ့ အချိန်ဖြစ်လို့ ဟောနေပြောနေတဲ့ အချိန်ဖြစ်လို့ လူသားသတ္တဝါ သန္တာန်မှာလို့ ပြောပါတယ်။ သတ္တဝါသန္တာန်မှာ လက်ဖြောက် တီးလိုက်တဲ့ခဏလေးမှာ မရေတွက်နိုင်အောင်၊ ‘**အနေကာနိ**’ ဆိုတာ စိတ်တွေ ကုဋေတစ်သိန်းလောက် ဖြစ်သွားတယ်။ သတ္တဝါသန္တာန် ဖြစ်နေတဲ့ စိတ်ရဲ့ လျှင်မြန်ပုံကို အဋ္ဌကထာကပြောတာ၊ အမှန်က တော့ ရေကို မရေတွက်နိုင်အောင် ဖြစ်သွားတယ်။ လက်ဖြောက် တစ်ချက်တီးကာလ အတောအတွင်းမှာ၊

တစ်နည်း မျက်စိတစ်မှိတ် လျှပ်တစ်ပျက်ကာလ အတော အတွင်းမှာ, တစ်နည်း နံ့သာတစ်ရှိုက်, တစ်နည်း နွားနို့ တစ်ညှစ်

ကာလအတောအတွင်းမှာ မရေတွက်နိုင်လောက်အောင် စိတ်တွေ ဖြစ်ပြီးတော့ သွားပါတယ်။

ခုနက ထီးချိုင့်သွားတုန်းက တရားဟော ပင့်ထားတယ်လို့ ဆိုတာကို ပြောမလို့၊ ကာလအဝေးကြီး၊ ဝါဆိုဦးက၊ ဝါဆိုဦးကဆိုရင် ဝါဆို, ဝါခေါင်, တော်သလင်း, သီတင်းကျွတ်, အခု တန်ဆောင်မုန်း လထဲရောက်လာ၊ လအားဖြင့်(၃)လကျော်ကျော် ကြာခဲ့ပြီ။ ရက်အားဖြင့် ရက်ပေါင်း(၁၀၀)နီးပါး (၁၀၀)ကျော်ခန့် ရှိခဲ့ပြီ။ ဒါက ကိုယ့်ပင့်လို့ သတ်မှတ်ထားတဲ့ ရက်နှင့်လ၊ ကိုယ့်မပင့်ခင်တုန်းက ကြိုတင်ပြီးတော့ အလှူပေးမယ်လို့ စီစဉ်နေတာ ဘယ်လောက်မှန်း မသိဘူး။ ဒကာလှမောင် ဘယ်လောက်ကြာပြီတုန်း။

တော်တော် ကြာပါပြီ ဘုရား။

တော်တော် ကြာပြီဟုတ်လား, တစ်နှစ်နီးပါးခန့် ရှိပြီထင်တယ်, ဟုတ်လား။

မှန်လှပါ ဘုရား။

အဲဒီ အလှူပေးမယ်လို့ ဆုံးဖြတ်တဲ့ အချိန်ကစပြီးတော့ ဒကာလှမောင်တို့ ဒကာမသိန်းဌေးတို့ သန္တာန်မှာ ဖြစ်နေတဲ့ ကုသိုလ်စိတ္တုပ္ပါဒ်တွေ ဘယ်လောက်များတယ်ဆိုတာ တွက်သာကြည့်၊ ကိုယ် အဲဒါပြောတာ။

## မရေတွက်နိုင်သော ရှေးဦးကုသိုလ်များ

"ကုသိုလ်ရတယ်....ကုသိုလ်ရတယ်" ဆိုတာ ဘာသာရေးအရ

အဘိဓမ္မာနည်းကို လက်ခံရင် အဲဒါဟာ ကုသိုလ်တွေ ရနေတာ။ အလှူမပေးရသေးဘူး၊ အလှူပေးဆိုတာက အခု စတင်ဆုံးဖြတ်ချက်ချတဲ့ အချိန်ကစပြီးတော့ နီးတဲ့ရက်တွေမှာ မဏ္ဍပ်ငှါးခြင်း စသည်ဖြင့် လုပ်ဆောင်နေတာတွေ, ပြီးတော့ ရေစက်ချတဲ့ နေ့ကျတော့မှ အလှူပေးတယ်, လို့ ဒီလို နားလည်ကြတယ်။

အဲဒီ ရေစက်ချတဲ့ အချိန်က မုဥ္စစေတနာခေါ်တယ်။ အဲဒီ မုဥ္စစေတနာ မဖြစ်ခင် ဒီအရင် ရှေးအဖို့ကာလက အလှူပေးတော့မယ်လို့ ဆုံးဖြတ်ချက်ချတဲ့ အချိန်ကစပြီးတော့ အလှူအတန်းအတွက် စိတ်ဖြစ်နေတာ, နှုတ်ကပြောနေတာ, ကိုယ်က ဆောင်ရွက်နေတာ, အဲဒီအထဲမှာ ကုသိုလ်စိတ္တုပ္ပါဒ်တွေ အများကြီး ဖြစ်တယ်။ အဲဒီကုသိုလ်ဟာ စိတ္တုပ္ပါဒ်တွေ ဖြစ်တာလည်း ခုနက အဋ္ဌကထာပါဠိတော်အတိုင်း လက်ဖြောက်တစ်ချက်တီးကာလ အတောအတွင်းမှာ မရေတွက်နိုင်လောက်အောင် များလှသော စိတ်ကုဋေတစ်သိန်းတို့ ဖြစ်တယ်လို့ ဆိုသဖြင့် မရေတွက်နိုင်သော ကုသိုလ်စေတနာတွေ ပါတယ်။ အဲဒါ ပုဗ္ဗစေတနာလို့ခေါ်တယ်။

ဝတ္ထုပစ္စည်းကို စွန့်လွှတ်ပြီးတော့ မလှူသေးဘဲနဲ့ လှူဖို့ဆိုတဲ့ အကြောင်းခံပြီးတော့ ဖြစ်နေတဲ့ ကိုယ်အမူအရာ, ဆောင်ရွက်နေတဲ့ ကိုယ်အမူအရာ, ပြောနေတဲ့ အမူအရာ, ကြံစည်နေတဲ့ စိတ်အမူအရာတွေထဲမှာ ပေါ်နေတဲ့ ကုသိုလ် စိတ္တုပ္ပါဒ်တွေကို အဲဒါ ဒါနစေတနာကုသိုလ်တွေတဲ့။ အလှူပေးမှာကို အကြောင်းခံပြီးတော့ ဖြစ်နေတဲ့ ကုသိုလ်စေတနာတွေ၊ ဒါတော့ နားလည်ပြီ တော်ကြစို့။

## မရေတွက်နိုင်သော လှူဆဲကုသိုလ်များ

အလှူပေးတဲ့ ရက်အတွင်း ဆွမ်းကျွေး, ဘုရားအနေကဇာတင်ပြီးတော့ ပရိသတ်တွေ ကျွေးမွေးပြုစု, သံဃာတော်တွေ ကျွေးမွေးပြုစုပြီးတဲ့နောက် အလှူချိန်ကျတော့ တရားနာ၊ အဲဒီအတောအတွင်းမှာ နာရီပေါင်း မြောက်များစွာ အလှူညအတွင်းမှာ ဖြစ်နေတဲ့ ကုသိုလ် စိတ္တုပ္ပါဒ်တွေက အဠကထာပါဠိအတိုင်း ကုသိုလ်ပေါင်းများစွာ ဖြစ်နေတယ်။ အဲဒီအထဲမှာလည်း ကုသိုလ်စေတနာတွေ ပါတယ်လို့ဆိုတာ နားလည်ထားရမယ်။ ကုသိုလ်ရတယ်ဆိုတာ အဲဒါကိုပြောတာ။

## လှူပြီးတော့လည်း အမြဲဝမ်းသာ

"လှူလိုက်တဲ့ပစ္စည်းကို အလှူခံပုဂ္ဂိုလ်တွေက စားလည်း စားသွားသေးတယ်, လှူလိုက်တဲ့ ပစ္စည်းတွေလည်း ယူသွားသေးတယ်, ယူသွားပြီး သူတို့ကျောင်း ရောက်တော့ သုံးဆောင်ကြတယ်။ ကိုယ့်ပစ္စည်းကုန်ပေတယ်".... လို့ အဲဒီလို စားပြီးတော့ ယူသွားတာကိုပဲ လှူလိုက်ရတဲ့ ပုဂ္ဂိုလ်က ဝမ်းသာနေသေးတယ်။ အဲဒီ ဝမ်းသာနေတာက ပရစေတနာတွေ ဖြစ်နေတာပါတဲ့။ ဒီတော့ တို့ မဟောသဓာဇာတ်မှာ ထီးချက်စောင့် နတ်သမီးက ဝိဒေဟရာဇ် မင်းကို ပုစ္ဆာထုတ်ရာမှာ ပုစ္ဆာလေးချက်ထဲက လိုရင်းကိုပဲ ပြောပါမယ်။ အလှူခံပုဂ္ဂိုလ်နဲ့ ပတ်သက်လို့။

ပစ္စည်းလေးပါး ယူသုံးစားလည်း အမြဲကြည်ညို

ဟရံ အန္နဥ္စ ပါနဥ္စ၊ ဝတ္ထ သေနာသနာနိစ။

အညဒတ္တုဟရာ သန္တာ၊ တေ ဝေ ရာဇ ပိယာ ဟောန္တိ။

**အန္နဥ္စ**-စားဖွယ်ကိုလည်းကောင်း။ **ပါနဥ္စ**-သောက်ဖွယ်ကို လည်းကောင်း။ **ဟရံ**-ယူဆောင်၍ သွားသည်ကို။ **ဒိသွာ**-မြင်ရသည် ဖြစ်၍ (ဝါ) မြင်ရသောကြောင့်။

ကိုယ့်ပစ္စည်း စားသွားတာ, ကိုယ့်ပစ္စည်း မစားရင်လည်း ယူသွား တာ, ဘယ်လောက် ဆန်းကြယ်သလဲ၊ အလှူနဲ့ ပတ်သက်လို့ ပြောပါ တယ်။

**ဝတ္ထသေနာသနာနိစ**-အဝတ်, သင်္ကန်း, ကျောင်း, အိပ်ရာ, နေရာ, တို့ကိုလည်း။ **ပရိဘုဥ္စန္တေ**-သုံးဆောင်တော် မူကြသည်တို့ကို။ **ဒိသွာ**-မြင်ရသည်ဖြစ်၍ (ဝါ) မြင်ရသောကြောင့်။

ကျောင်းကြီးဆောက်ထား, ကိုယ့်ကျောင်းပေါ်မှာ သံဃာတွေ သီတင်းသုံးနေတာ တွေ့မြင်ရတော့, အဝတ်သင်္ကန်းတွေလှူတာ, ဝတ်တာ, ရုံတာ, သုံးဆောင်နေတာတွေ မြင်ရတာကြောင့်။

**ပရိဘုဥ္စန္တေ**-ဝတ်ရုံသုံးဆောင် သီတင်းသုံးနေတော်မူသည်တို့ကို။ **ဒိသွာ**၊ မြင်ရသည်ဖြစ်၍ (ဝါ) မြင်ရလေသောကြောင့်။

ကိုယ်က ပစ္စည်းအကုန်ခံရတာ ဟိုက အလှူခံပုဂ္ဂိုလ်တွေက သုံးဆောင် သီတင်းသုံးနေကြတယ်, သုံးစွဲနေကြတယ်။

**အညဒတ္တုဟရာ**-တကယ့်ကို ကိုယ့်ပစ္စည်းကို ယူဆောင်ကြကုန် သော။ **သန္တာ**-သူတော်ကောင်း ဖြစ်ကြကုန်သော။ **တေ**-ထိုအလှူခံ

ပုဂ္ဂိုလ်တို့ကို။ **ဝေ-စင်စစ်။ ရာဇ-မင်းမြတ်။ ပိယာ-ချစ်မြတ်နိုးအပ်ကုန်သည်။ ဟောန္တိ-ဖြစ်လေကုန်တော့၏။**

အလှူပေးပုဂ္ဂိုလ်နဲ့ အလှူခံပုဂ္ဂိုလ်, ကိုယ့်ပစ္စည်းကိုလည်း စားသွားတယ်, သို့မဟုတ် ယူသွားတယ်, ကိုယ်ပေးထားတဲ့ ပစ္စည်းတွေကိုလည်း ယူဆောင်တယ်, ဒါပေမယ့်လို့ ကျေနပ်ကြတယ်။ အဲဒီသုံးဆောင်နေတဲ့ ပုဂ္ဂိုလ်တွေကိုလည်း ချစ်ကြည် ချစ်ခင်ပါတယ်တဲ့၊ ကျေနပ်ပါတယ်တဲ့။ သာမန်သဘောနဲ့ဆိုရင် မကျေနပ်နိုင်ဘူး။ အလှူသဘောနဲ့ ဘာသာရေးတရားကို လက်ခံထားပြီးတော့ အလှူသဘောနဲ့ ကြည့်လိုက်တော့ သိပ်ကျေနပ်တယ်, ကုန်ရကျိုးလည်း နပ်တယ်, ကုန်ပေမယ်လို့ ဝမ်းသာတယ်။ အဲဒီ ဝမ်းသာတာတွေဟာ ချစ်ခင်နှစ်သက်တဲ့ စိတ်တွေ ဖြစ်နေတာဟာ အဲဒါ ကုသိုလ်စိတ်တွေဖြစ်နေတယ်လို့ ကိုယ်ပြောလိုတယ်။ အဲဒါကို ပုစ္ဆာထုတ်တယ်, ထီးချက်စောင့်နတ်သမီးက ဒီတော့ မဟောသဓာက ဖြေတယ်၊ တစ်ချက်ထဲပါပဲ။ "ဓမ္မိက သမဏဗြာဟ္မဏ"တဲ့။ တရားကျင့်သုံးနေတဲ့ သမဏ ဗြာဟ္မဏတွေကို ဆိုလိုတယ်တဲ့။ နတ်သမီးမေးတဲ့ ပုစ္ဆာကို ဒီလိုဖြေလိုက်တယ်။

ဒီတော့ ကိုယ် အခုရေစက်ချတဲ့နေ့ကို ကြည့်လို့ရှိရင် ဆွမ်းတွေလည်း စားသွားလိမ့်မယ်, လှူတဲ့ပစ္စည်းတွေလည်း ရေစက်ချဘုန်းကြီးက ရေစက်ချပေးလို့ အမျှ အမျှ အော်ပြီးသည့် ဟိုဘက်မှာဘာသောမပြောနဲ့၊ အဲဒါ ကပ္ပိယနဲ့ ကိုယ် အကုန်လုံး သယ်သွားလိမ့်မယ်။ ဒါပေမယ်လို့ အလှူဒကာ အလှူအမက သိပ်ကျေနပ်တယ်။

ဒီလိုကို ယူသွားအောင်လို့ စောစောကရည်ရွယ်ချက်နဲ့ လုပ်ထားတာ, ပြုပြင်ထားတာ, မွမ်းမံထားတာ အဲဒီလိုကျေနပ်တဲ့စိတ်တွေဖြစ်တာ ဘာဖြစ်တာတုန်းဆိုတော့ အလှူဝတ္ထုတွေ သယ်ပိုးပြီးတော့ ယူသွားတာပဲကြည့်, နောက်ကာလ ကြာမြင့်စွာ သုံးဆောင်နေတာတွေ ကြည့်ပြီးတော့ ကျေနပ်တယ်။ အဲဒါဟာ ပရစေတနာတွေဖြစ်တယ်။

ဒီတော့ မလှူခင်ကလည်းပဲ လှူရအောင် ဆိုပြီးတော့ ကုသိုလ်စေတနာတွေ ဖြစ်ခဲ့တယ်။ လှူဆဲ, တန်းဆဲ, ရေစက်ချဆဲ, ကျွေးဆဲ, မွေးဆဲ့ အချိန်မှာလည်းပဲ ကုသိုလ်စေတနာတွေဖြစ်တယ်။ နောက်ကိုလည်း အာရုံပြုတိုင်း ကုသိုလ်စေတနာတွေ ဖြစ်တယ်။ အဲဒီ ကုသိုလ်စေတနာတွေဟာ ဝမ်းသာတဲ့ စိတ်ဓါတ်တွေထဲမှာ တွဲပြီးတော့ ပေါ်လာတဲ့ ကုသိုလ်စိတ်တွေပဲ စေတနာပြဌာန်းတဲ့ ကုသိုလ်စိတ်တွေပဲ။

## သေတော့မှ အလှူပေးရပ်

ဒီတော့ ကောင်းပြီ, စောစောကပြောခဲ့တဲ့ နေ့တိုင်းလည်း အလှူဟာ လက်မလွတ်ပါဘူး။ လှူနေကြတာပါပဲ၊ အခါအားလျော်စွာလည်းပဲ အဲဒါ ဝါဆိုဦးမှာ ဝါဆိုပန်းကပ်ပွဲကြီးတွေ, ကထိန်ခေတ်မှာ ကထိန်ပွဲကြီးတွေ စသည်ဖြင့် ဒီအထဲက နေပြီးတော့ အများနဲ့ မစုပေါင်းဘဲနဲ့ ကိုယ်ရေး ကိုယ်တာ အခုလို အလှူတွေပေးတော့ ဒါ ပုဂ္ဂလိက တစ်ဦးတည်းပေး, စုပေါင်းဖြစ်စေ, တစ်ဦးတည်းဖြစ်စေ, ဘုရားပွဲတွေ, ဆွမ်းလောင်းပွဲတွေ လုပ်နေကြတာ အလှူလည်းမပြတ်ဘူး။ ဘယ်တုန်းက လုပ်လာတာတုန်းဆိုတော့....တို့ မန္တလေးမြို့

အနေနဲ့ပြောရင် လူမှန်း သိတဲ့အချိန်က စပြီးတော့ ကနေ့အထိပဲ၊ သေတော့မှ မန္တလေးမြို့သူ မြို့သားတွေ အလှူပေး ရပ်ကြတယ်၊ ဒါတောင် မရပ်သေးဘူး၊ အမိ အကြောင်းပြုလို့ အဖအကြောင်းပြုလို့ ဆိုပြီးတော့ အဲဒါ ရက်လည်ဆွမ်းတဲ့၊ လလည်ဆွမ်းတဲ့ ဆိုပြီးတော့ ဘုန်းကြီးတွေ ကျွေးရက်၊ မွေးရက်ပဲ၊ မပြတ် ဘူး လုပ်နေကြတာ။ ဒီတော့ အဲဒီ ပုဗ္ဗ, မုဥ္စ, ပရစေတနာ ဘယ်လောက်ဖြစ်တယ်လို့ စုဆောင်းထားလို့ရတဲ့ သဘောတရားမျိုး ဖြစ်ရင် ဘဏ်တိုက်တွေလည်း အပ်လို့လောက်မှာ မဟုတ်ဘူး။ အဲဒါ မီးခံသေတ္တာတွေလည်းပဲ ထည့်လို့ဆန့်မှာ မဟုတ်တော့ဘူးနော်။ ကုသိုလ်တရားတွေ ဖြစ်နေပုံတွေ ပြောတာ, ဒါကြောင့်၊

ဧကသ္မိံ ဟိ အစ္ဆရက္ခဏေ အနေကာနိ စိတ္တကောဋိ သတသဟဿာနိ ဥပ္ပဇ္ဇန္တိ။

ဟိ သစ္စံ-မှန်၏။ ဧကသ္မိံ-တစ်ခုသော။ အစ္ဆရက္ခဏေ-လက်ဖြောက် တီးသောခဏ၌။ အနေကာနိ-များစွာကုန်သော (ဝါ) မရေတွက်နိုင်ကုန်သော။ စိတ္တကောဋိသတသဟဿာနိ-စိတ်၏ ကုဋေတစ်သိန်းတို့သည်။ ဥပ္ပဇ္ဇန္တိ-မုချမသွေ ဖြစ်ပေါ်လာလေကုန်တော့သတည်း....

သာဓု....သာဓု....သာဓုပါ ဘုရား

အဲဒီ ကုသိုလ်ရေးနဲ့ ပတ်သက်လို့ဖြစ်တဲ့ စေတနာတွေကို ပြောမယ်ဆိုရင် ရေတွက်လို့ မကုန်ပါဘူးတဲ့။ အဲဒီ ကုသိုလ်စေတနာတွေ ကိုယ့်သန္တာန်မှာ ဖြစ်လာတာကို ကုသိုလ်ရတယ်လို့ ပြောတာပါ။

ကျွေးရတယ်, မွေးရတယ်, ပေးရတယ်, ကမ်းရတယ်, လှူရတယ်, တန်းရတယ်, ကိုယ့်ပစ္စည်း သုံးဆောင်တာ ကျေနပ်ပါတယ်ဆိုတဲ့ စိတ်တွေ, ဒီတော့ တို့ ပြဿနာလေး ရှင်းကြဦးစို့။ လှူရင်, ကျွေးရင်, ဘုန်းကြီးတွေကိုချည်း ဦးစားပေးပေးပြီးတော့ ဘယ့်နှယ်ကြောင့် လှူနေရသလဲ။ လူလည်း အလှူခံပဲ မဟုတ်လား, ရတနာသုံးပါးနဲ့ ကံ, ကံရဲ့, အကျိုးတရားကို မယုံကြည်တဲ့ မိစ္ဆာဒိဋ္ဌိ ပုဂ္ဂိုလ် တစ်ယောက် ပြောသလိုတော့ တော်တော်ဆိုးတယ်။

## ဘုန်းကြီးနှင့်ခွေး အတူတူထားသတဲ့

ပြောဦးမယ်....သူပြောပုံက၊ သူ့ သူငယ်ချင်းမိတ်ဆွေ တစ်ယောက်က ဘုန်းတော်ကြီးတွေကိုပင့်, အိမ်မှာဆွမ်းကျွေးတော့ သူ့လည်း ဖိတ်တယ်။ "ကျုပ် မနက်ဖြန် ဆွမ်းကျွေးမလို့ ခင်ဗျားလည်း လာပါဦး"၊ မိတ်ဆွေကို၊ ဒီတော့ သူက ဖိတ်တော့လာတယ်, လာပြီး တော့ ဆွမ်းကျွေးနေတုန်း သူက ဘယ့်နှယ်ပြောသလဲဆိုတော့ လမ်းရှိနေတဲ့ ခွေးတွေ လက်ညှိုး ထိုးပြီးတော့ "ဟောဒီ ခွေးတွေလည်း စားတတ်တာပဲဗျ။ ခင်ဗျား ကျွေးဖို့ ကောင်းတယ်" လို့ ဆိုသတဲ့။ ဘုန်းကြီးနဲ့ ခွေးကို အတူတူ ထားပြောတာ သူက၊ "ဘုန်းကြီးလည်း စားတတ်တာပဲ, ခွေးလည်း စားတတ်တာပဲ, ခင်ဗျား။ ဒီခွေးတွေ ကျွေးဖို့ကောင်းတယ်" လို့ဆိုတာ၊ ကုသိုလ် မယုံကြည်တဲ့ ပုဂ္ဂိုလ်ရဲ့ အဖို့မှာ ဒီအတိုင်းပဲ ဖြစ်ရမယ်။ စိတ်ဆိုးစရာတော့ မဟုတ်ဘူးပေါ့၊ သူကမှ မယုံကြည်ပဲကိုး။

## ဘာကြောင့် ဘုန်းကြီးတွေကို ဦးစားပေးလှူရသလဲ

ဒီတော့ ခွေးကျွေးတာနဲ့ လူကျွေးတာ မတူ, လူလူချင်း(၅)ပါး သီလမလုံတဲ့ လူနဲ့, လုံတဲ့လူကျွေးတာ မတူ, (၅)ပါးသီးလလုံတဲ့ ပုဂ္ဂိုလ်နဲ့ (၅)ပါးသီလ လုံပြီးတော့ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ် ကျွေးရတာမတူ, (၅)ပါးသီလ လုံပြီးတော့ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်ကျွေးရတာထက် ကိုရင်လေး ကျွေးရတာနဲ့မတူ, ကိုရင်လေး ကျွေးရတာထက် ရဟန်းတော်ကျွေးရတာ မတူ, ရဟန်းတော်တစ်ပါး နှစ်ပါး ကျွေးရတာထက် သံဃာတော်ကျွေးရတာနဲ့မတူ, သံဃာတော် ကျွေးရတာယက် ဘုရားအမှူးရှိသော သံဃာတော်တွေ ကျွေးရတာ မတူ, ဘာလို့ မတူသလဲ၊ သီလကွားခြားလို့၊ အဲဒီ ကိုယ်ကျင့်သီလကို လက်မခံတော့ ဘုန်းကြီးနဲ့ခွေး အတူတူထားပြီး ပြောရက်တာပေါ့။

နားလည်ပါးလည်ရှိတဲ့ ဘာသာရေး ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေ ကျတော့ ဘာသာယဉ်ကျေးမှုရှိတဲ့ ပုဂ္ဂိုလ်ကျတော့ မြတ်ရာ မြတ်ရာ ရွေးပြီးတော့ သီလ, သမာဓိ, ပညာရှိရာ ရွေးပြီးတော့ ဦးစားပေးပြီး တော့ ဘုန်းကြီးကို လှူတယ်, တန်းတယ်ဆိုတာ ဒါပဲ အချုပ် အဓိပ္ပါယ်က။

## ကုသိုလ်ဆိုတာ အကောင်အထည်မရှိ

တို့ ကျိုင်းတုံ ဒီနှစ်ရောက်ခဲ့တယ်။ ကျိုင်းတုံရောက်တော့ ဘုန်းကြီးအိုကြီးတစ်ပါး အသက်တော့ ကိုယ်ထက်တောင် ကြီးမလား မဆိုနိုင်ဘူး၊ ဝါတော့ငယ်တယ်၊ ဗမာစကားလည်း မပေါက်ဘူး၊

ကိုယ့်ဆီ လာပြီးတော့ ကန်တော့တယ်။ ပြောဦးမယ် တို့ ပရိသတ် မှတ်ထိုက်တယ်ပေါ့။ ဒါနဲ့ ဒကာကြီး တစ်ယောက်နဲ့ သူနဲ့လာတော့ စကားကလည်း မပေါက်တော့ ဦးဇင်းတစ်ပါးကို ခေါ်ထားရတယ်။ ဗမာလို ပြန်တတ်တဲ့ ဦးဇင်းတစ်ပါး ကိုယ်က လာစမ်းပါဦး, သူပြော တဲ့စကား ငါနားမလည်ဘူး, ဘာသာပြန်ပေးစမ်းပါ, သူက ဘယ်က တုန်း မေးလို့ဆိုတော့ "ရှိရှောင်ပနား၊ မိုင်းရန်း" ဆိုတဲ့ မြို့ကတဲ့၊ တောရွာတစ်ရွာက အဲဒါ တရုတ်နီပိုင်နေတယ်၊ "ရှိရှောင်ပနား မိုင်းရန်း" ဆိုတဲ့မြို့၊ အဲဒီ မြို့နယ်အတွင်းက ကျေးရွာမှ ပြေးလာခဲ့ ရတယ်တဲ့။ သူတို့မှာ ဘုန်းကြီးကျောင်းနဲ့ ဒကာ ဒကာမနဲ့ ဆက်ဆံ နေကြတာပဲ။ အဲဒါ တရုတ်နီတွေက ဘုန်းကြီးကျောင်းကို လူတွေ သွားလို့ရှိရင် အပြန်လမ်းက စောင့်ပြီးတော့ "ဘယ်က လာတာလဲ" လို့ မေးတယ်တဲ့၊ "ဘုန်းကြီးကျောင်းက ပြန်လာပါတယ်" "ဘုန်းကြီး ကျောင်း ဘာလုပ်ဖို့ သွားတာလဲ" တဲ့။ သူတို့က ကုသိုလ်ကို ကုသိုလ်ပဲ လို့ ဆိုတယ်, ကုသိုလ်တစ်လုံးတော့ ကိုယ်နားလည်တယ်, "ကုသိုလ်လိုချင်လို့ သွားပါတယ်။" ဒါဖြင့် "ကုသိုလ် ရခဲ့ပြီလား" လို့ မေးတယ်။ "ရခဲ့ပါပြီ" "ရခဲ့ရင် အဲဒီကုသိုလ် ပြစမ်း" လို့ ဆိုသတဲ့။ ဘယ်....အကောင်အထည်မှ မဟုတ်ဘဲနဲ့ စိတ်ရဲ့ ကျေနပ်မှု, ဝမ်းသာ မှု, စေတနာကို ကုသိုလ်လို့ သမုတ်ပြီးတော့ ဟောထားတဲ့ ကိစ္စကို၊ ဒါကို အကောင်အထည် ပြခိုင်းတော့ အခက်ကြီးပဲ ဟုတ်လား။ ဒီတော့ "ဘယ်မတုန်း ကုသိုလ် ပြစမ်း" လို့ ဆိုပြီး "အဓိပ္ပါယ်မရှိဘူး" ဆိုသတဲ့။ "နောက် ဘုန်းကြီးကျောင်းကို မသွားရဘူး" ဒီလိုတဲ့ဗျ။

ကုသိုလ် ဘယ်မလဲ ဆိုပြီးတော့ လက်ထဲ ထည့်ပြနိုင်းလို့တော့ မရဘူး။ သာသာရေးတရားရဲ့ ယုံကြည်မှု, ဒီတရားတွေ ဒီလိုကျင့်ရင် ဒီလို ကုသိုလ်တွေရတယ်, ဒီလို စေတနာတွေ ဖြစ်တယ်ဆိုတာ ဘုရား အဆူဆူက ဟောထားခဲ့တာကို လက်ခံပြီးတော့ ကုသိုလ် ရတယ် ပြောနေတာ။ ဒီကုသိုလ်ကို ယုံကြည်ပြီးတော့ လက်ခံပြီးတော့ကို ယုံယုံကြည်ကြည်နဲ့ အလုပ်လုပ်ပါမှ နိဗ္ဗာန်ရောက် ကြောင်းလည်း ဖြစ်မှာ။ ဒါကြောင့် နိဗ္ဗာန်ရောက်ကြောင်းတရား အစစ်ပဲလို့ ဟောနေတာ ဒီကနေ့ ကိုင်းရှိစေ။

## အရွယ်သုံးပါး ပိုင်းခြားပြ

လူတစ်ဦး သတ္တဝါတစ်ဦးဦးမှာ အရွယ်အနေနဲ့ ပြောရင် သုံးပါး ရှိတယ်။ အရွယ်သုံးမျိုးကို အသက်တစ်ရာသက်တန်းမှာ ဘယ်လို ပိုင်းသလဲဆိုတော့ ကိုယ့် ပရိသတ် မှတ်ထား။ သုံးဆယ့်သုံးနှစ်၊ သုံးဆယ်သုံးနှစ်သည် ပဌမအရွယ်, အသက်သုံးဆယ့်သုံးနှစ်ပြည့်လို့ ရှိရင် ပဌမအရွယ် ကုန်ပြီဟူ၍။ ဂဏာဟိ-မှတ်၊ ကြားလား ဒကာ ကြီး ဦးမုံ၊ ပဌမအရွယ် အသက်ဘယ်လောက်တဲ့တုန်း။

သုံးဆယ့်သုံးနှစ်ပါဘုရား။

သုံးဆယ့်သုံးနှစ် မှတ်မိသားပဲ။ ကိုယ်က အလစ်စမ်းတာ ဟုတ်လား။ ဒုတိယအရွယ်က နောက်တစ်ခါ သုံးဆယ့်လေးနှစ်တဲ့, ဒုတိယသုံးဆယ့်လေးနှစ်နဲ့ ပဌမသုံးဆယ့်သုံးနှစ် ပေါင်းလိုက်တော့ ဘယ်လောက်ရှိတုန်း။

ခြောက်ဆယ့်ခုနှစ်နှစ်ပါ ဘုရား။

ခြောက်ဆယ့်ခုနှစ်နှစ်ပြည့်ရင် ဒုတိယအရွယ် ကုန်ပြီဟူ၍။ ဂဏှာဟိ-မှတ်။ နောက်တစ်ခါ ကျန်တဲ့ သုံးဆယ်သုံးနှစ်, အဲဒါ တတိယအရွယ်, ခြောက်ဆယ့်ခုနှစ်နှစ် ဟိုဘက်ရောက်တဲ့ ပုဂ္ဂိုလ် သည် တတိယအရွယ်ကို နင်းပြီဟူ၍ မှတ်။ တို့ ခုနှစ်ဆယ့်တစ်နှစ်ထဲ ရောက်တော့ ဘယ်အရွယ် ရောက်နေပြီတုန်း။

ဒုတိယအရွယ် ရောက်နေပါပြီ ဘုရား။

ဟဲ့.... တတိယအရွယ်ထဲ ရောက်နေပြီနော်။ ဒုတိယလုပ်မနေနဲ့ အလှူအမက ဘန်းကြီးကို သက္ကရာဇ် ဖြိုပေးပြန်ပြီနဲ့ တူတယ်။ ဟုတ်လား, ဖြုံသာဖြို, ကိစ္စမရှိဘူး။ ကိုယ်က ပလ္လင်ပေါ်ရောက်မှ တော့ ကိုယ့်ကိုယ်ကို ဆယ့်ခြောက်နှစ်သား ထင်ပြီးတော့ ဟောနေ တာ ကြားရဲ့လား။ ကိုင်း ရှိပစေ။

## ခုနှစ်ဆယ်ကျော်ပေမယ့် ဟောနိုင်ပါတယ်

တစ်နေ့က သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီးဆီ ကန်တော့ရောက်, သီတင်းကျွတ် လပြည့်ကျော်(၁)ရက်နေ့က ရောက်တော့ "မလွန်တုန်းကတရား နာချင်တယ်" ဆိုလို့ ဒါနဲ့ ခေါ်ပြီး တော့ ဖွင့်ခိုင်းတယ်။ "နာရပ်ါဗျာ.... ပြောတော့သာ ခုနှစ်ဆယ် ပြောနေတာ, အသံ နားထောင်လိုက်ရတော့ ငယ်ငယ်တုန်းက အသံအတိုင်းပဲ"....တဲ့, ဆရာတော်ကြီးကဆိုတော့ "တပည့်တော် ဟောနိုင်ပါတယ် ဘုရား၊ ခုနှစ်ဆယ်ကျော်ပေမယ်လို့လည်း ဟောနိုင်

ပါတယ်။ ဟောနိုင်တာကို ဟောနိုင်တယ်လို့ ပြောလို့ရှိရင် တပည့်တော်ကို ဒကာတွေ ဒကာမတွေက အားမနာ, ပါးမနာ ပင့်နေမှာစိုးလို့ တပည့်တော် အသက်ကြီးပြီဆိုတာ တွင်တွင် ပြောနေတာပါဘုရား" လို့ အဲဒီလို ဆရာတော်ကြီးကို လျှောက်ခဲ့တယ်။ အခုကိုယ်လျှောက်ခဲ့တာ ပြောရင်းဆိုရင်း ပေါ်ကုန်ပြီ၊ဟုတ်ရဲ့လား။ ကိုင်းရှိပစေ။ ဒါပေမယ်လို့ ဘယ်လိုပြောပေမယ့် မရပါဘူး။ အခုဒကာလှမောင် ကြည့်ပါလား။ "ဟ ငါက ဒီရက်မအားဘူး. မင်းတို့မန္တလေးမြို့ပေါ် ဟောမယ့်ပုဂ္ဂိုလ်တွေ ပေါပါတယ်" ဆိုတော့ဆရာတော်မှ်အောင် ဆိုပြီးတော့ (၂)ရက်နေ့ ထည့်ဖြစ်အောင်ထည့်ထားတာ ကိုင်း ရှိပစေ။ ဒီတော့ အရွယ်သုံးပါး နားလည်ပြီနော်ပေါက်လေး။

မှန်လှပါ ဘုရား။

အဲဒါကြောင့် အဲဒီ အရွယ်သုံးပါးနဲ့ ပိုင်းပြီးတော့ ကံသုံးမျိုးကိုဒိဋ္ဌဓမ္မဝေဒနီယကံ, ပရိပက္ကဝေဒနီယကံ, လို့ ဆိုပြီးတော့ ကံနှစ်မျိုးကိုပေါင်းပြီးတော့ ဒုတိယအဋ္ဌကထာ ပြောတာက "ယံ ပယမမယဝေကကံ"၊ ဒီတော့ ကာလနဲ့ ပိုင်းခြားပြီး အလှူတစ်ခုပေးရာမှာ "ပဌမ, မဇ္ဈိ, ပစ္ဆ" နဲ့ ပြောခဲ့တာ။ အခု လူသတ္တဝါတစ်ယောက်ရဲ့အရွယ်နဲ့ ပိုင်းခြားပြီးတော့ ဒုတိယအဆင့်က ပြောလာတယ်နော်။ ဒီကာလ ပိုင်း ရက်ပိုင်းနဲ့ အလှူရဲ့ရှေ့, အလှူရဲ့အလယ်, အလှူရဲ့နောက်ပိုင်း အလှူပြီးတဲ့နောက်ပိုင်း ကာလသုံးပါးနဲ့ပိုင်းခြားပြီးတော့ ပြောခဲ့တာ။

ဒုတိယပြောမှာက အရွယ်သုံးပါးနဲ့ ပြောမှာ၊ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်၊ တို့ မြို့သူမြို့သားတွေ ပထမအရွယ်လည်း အလှူနဲ့ မပြတ်ခဲ့ဘူး။ ဒုတိယအရွယ်လည်း မပြတ်ခဲ့ဘူး။ တတိယအရွယ်ကျတော့လည်း ခုနက စောစောက ပြောခဲ့သလို သေမှပဲ လွတ်ကြတော့တာ၊ဟုတ်လား ဒကာကြီး ဦးမိုး။

မှန်လှပါ ဘုရား။

ဒီတော့ အရွယ်သုံးပါးမှာ ဘယ်အရွယ်မှ လွတ်တယ်မရှိဘူး။ အဲဒီ အရွယ်သုံးပါးပိုင်းပြီးတော့ ပြောလို့ရှိရင်....

## လက်ငင်းအကျိုးလိုချင်သူများ

တို့ အဋ္ဌကထာဆရာက "ယံ ပထမဝယေ ကတံ၊ပထမဝယေဝါ မဇ္ဈိမဝယေဝါ ပစ္ဆိမဝယေဝါ ဝိပါကံ ဒေတိ"လို့ဆိုတယ်၊

ဒကာကြီးဦးမိုး....အနာဂတ်အကျိုးနဲ့ လက်ငင်းအကျိုး အကျိုး နှစ်ခုကို တကယ် အတူတူ ပေးမယ်ဆိုရင် ဘယ်ဟာကို လိုချင် တုန်း။?

လက်ငင်းလိုချင်ပါတယ် ဘုရား။

လက်ငင်းလိုချင်တယ် ဟုတ်လား။?

မှန်လှပါ ဘုရား။

လက်ငင်းလိုချင်တယ်ဆိုတာ သိပ်သေချာတယ်။ ဒါကတော့ နဂိုမြင်းပွဲ ရှိတုန်းက ကိုယ်ပြောပါတယ်။ ကြားလား ဒကာကြီးဦးမိုး။

ဘင်ပါ့ ဘုရား။

စနေနေ့ ရွှေတိဂုံပေါ် သမ္ဗုဒ္ဓေတစ်ထောင် ပုတီးစိပ်တဲ့သူတွေ မရှားဘူး။ ဟိုနားကုတ်ကုတ်, ဒီနားကုတ်ကုတ်နဲ့ တကယ်တဲ တစ်ညလုံး ပုတီးစိပ်နေတာ တနင်္ဂနွေနေ့ မြင်းပွဲသွားတော့မှာကိုး သမ္ဗုဒ္ဓေတစ်ထောင် စိပ်ရင် မြင်းထီပေါက်လိမ့်မယ်ဆိုတော့ အဲဒါ နင်းကန် စိပ်တာပဲ။ ဒိဋ္ဌဓမ္မအကျိုး မဟုတ်လား။ ဒကာကြီးဦးမိုး။

မှန်လှပါ ဘုရား။

ဟုတ်လား။ ကိုင်း ဒိဋ္ဌဓမ္မ အကျိုး ဘယ်လောက် လိုလားတယ် ဆိုတာ ကြည့်ရော့။ အဲဒါကြောင့် ဒိဋ္ဌဓမ္မ အကျိုးရတာကို ဒီနေ့ ပြောမလို့ အလှူပေးရမှာများ အားမငယ်ကြနဲ့၊ ရဲရဲတင်းတင်း ပေး။ ဒီလိုပြောတော့ တစ်ဖက်ဘာသာရေး မလိုလားတဲ့ ပုဂ္ဂိုလ်တစ်စုက "သူတို့ ရမှာမို့ နင်းကန်ဟောနေတာပါ" လို့ ပြောလိမ့်ဦးမယ်။ ဟုတ်လား။ ဘာပဲ ပြောပြော တို့ ဒေသနာတော်နည်း ရှိတာကိုတော့ ပြောရမယ်ပေါ့။ သူများပြောမှာကို ငဲ့လို့ မပြောဘဲ နေရင်တော့ ဘာမှမဖြစ်ဘူး။ အဲဒီလိုဆို လုံးလုံးမပြောဘဲ နေမှ ဖြစ်တော့မယ် ဟုတ်လား။ ကိုင်း ရှိစေ။ ဒီတော့ ဒိဋ္ဌအကျိုးနဲ့ အနာဂတ်အကျိုး နှစ်ခုရှိရာမှာ ဒိဋ္ဌအကျိုးကို လိုလားကြတဲ့ သတ္တဝါတွေ အများဆုံးပဲ။ အကုန်လုံးပဲလို့တောင် ပြောရမှာပဲ။ အဲဒီ ဒိဋ္ဌအကျိုးကိုတဲ့ အစ အငြာကထာ ပြောနေတာက၊

**ပထမဝယေ-ပဌမအရွယ်၌။ ကတံ-ပြုလုပ်အပ်သော။ ယံကမ္မံ-** အကြင်ကုသိုလ်ကံသည်။ အလှူပေးနေတာ ဖြစ်လို့ ကုသိုလ်ကံသာ ဆနက်ပေးတာ၊ အမှန်ကတော့ အကုသိုလ်ကံလည်း ရတာပဲ။

**ပထမဝယေ-ပထမအရွယ်၌။ ကတံ-ပြုလုပ်အပ်သော။ ယံကမ္မံ-အကြင်ကုသိုလ်ကံသည်။ ပထမဝယေဝါ-ပထမအရွယ်၌လည်းကောင်း။ မဇ္ဈိမဝယေဝါ-မဇ္ဈိမအရွယ်၌လည်းကောင်း။ ပစ္ဆိမဝယေဝါ ပစ္ဆိမအရွယ်၌လည်းကောင်း။ ဝိပါကံ-အကျိုးကို။ ဒေတိ-ပေး၏။**

ပထမအရွယ်တုန်းက ကုသိုလ်ဆည်းပူးလာခဲ့တဲ့ အမျိုးသားသို့မဟုတ် အမျိုးသမီး သို့မဟုတ် ပုဂ္ဂိုလ်တစ်ယောက်ယောက် အဲဒီ ပထမအရွယ်ပဲ အကျိုးပေးတတ်တယ်။ ပထမအရွယ် အကျိုးမပေးဘူးဆိုရင် ဒုတိယအရွယ်မှာ, ဒုတိယအရွယ် အကျိုး မပေးဘူးဆိုရင် တတိယအရွယ်မှာ, အရွယ်သုံးပါး တစ်ပါးပါးမှာ အကျိုး ပေးတတ်ပါတယ်တဲ့။ အခု ဒိဋ္ဌဓမ္မ မျက်မှောက်သော ကိုယ်၏ အဖြစ်မှာ အကျိုးပေးတာဟာ ဒိဋ္ဌအကျိုးပဲ မဟုတ်လား ဦးမိုး။

မှန်လှပါ ဘုရား။

ဒီတော့ ကုသိုလ်ပြုရင်လည်း ဒီအရွယ်သုံးပါး တစ်ပါးပါးမှာ အကျိုးပေးပါမယ်။ ဒါဖြင့် ကောင်းပြီ။ တစ်ဆင့်ပြောကြဦးစို့။ အဲဒီ အကျိုးပေးတဲ့ကံဟာ ဘယ်ကံတုန်းဆိုတော့ တို့ ဝီထိပိုင်းနဲ့ မပြောရင် မဖြစ်ဘူး။ ပြောရလိမ့်မယ်။

## ပထမဇောကုသိုလ် တစ်ပုံတစ်မကြီး

"ဇောခုနှစ်ကြိမ် စောတယ်, ဇောခုနှစ်ကြိမ်ကျတယ်" ဆိုတာကို သာမန်အားဖြင့်တော့ ဒကာကြီးဦးမိုးတို့ ကြားဖူးမယ်နော်။

ကြားဘူးပါ ဘုရား။

ကုသိုလ်ဇော ကုသိုလ်တစ်ခုခု ပြုတာဖြစ်ရင် ကုသိုလ်ဇော, အဲဒီ ကုသိုလ်ကို အာရုံပြုပြီးတော့ ကုသိုလ်ဇော ခုနှစ်ကြိမ် ခုနှစ်ကြိမ်စီ စောရတယ်။ ကုသိုလ်ဇော ခုနှစ်ကြိမ် စောတဲ့နေရာမှာ ပထမဇော, ဒုတိယဇော, တတိယဇော, သတ္တမဇောအထိ ဆိုကြပါစို့။ ဒီတော့ အဲဒီ ကုသိုလ်ဇော စောတိုင်း ပထမဆုံး စောတဲ့ ကုသိုလ်ဇောစိတ် ပထမဆုံး စိတ်ကလေးကို မှတ်ထား။ အဲဒီ ပထမဆုံး စိတ်ကလေးကို ပထမဇောစေတနာလို့ ခေါ်တယ်, ဟုတ်လား၊ ပထမဇော စိတ်ကို ဘာခေါ်သလဲ ဒကာကြီးဦးမိုး။

ပထမဇော စေတနာလို့ ခေါ်ပါတယ် ဘုရား။

ပထမဇော စေတနာ တို့ ပရိသတ် မှတ်မိပါစေ။ ဒီတော့ အဲဒီ ဝီထိစိတ် ဖြစ်တိုင်းဖြစ်တိုင်းမှာ ပထမဦးဆုံး ကျသွားတဲ့ ဇောစိတ်, ပထမဇော စေတနာဆိုတာ ရှိတယ်။ အဲဒီ ဒေါစေတနာက ဘယ်လောက်များသလဲဆိုတော့ ပထမအရွယ်မှာ လက်ဖြောက် တစ်ချက်တီး ကာလမှာ မရေတွက်နိုင်အောင် ကုဋေအသိန်း မျှလောက် စိတ်တွေ ဖြစ်ပါတယ်ဆိုရင် ပထမအရွယ်တွင်းမှာ ဖြစ်တဲ့ ပထမဇောစေတနာတွေ ဘယ်လောက်များမလဲဆိုတာ မပြောနိုင်ဘူး မဟုတ်လား၊ ဒကာကြီးဦးမိုး။

မပြောနိုင်ပါ ဘုရား။

အများကြီး, တစ်ပုံကြီး, တစ်ခေါင်းကြီး, မနည်းဘူး, ဟုတ်လား။ ပြည်ဆရာတော်သုံးတဲ့ အသုံးပြောရရင် တစ်ပုံတစ်မကြီး ဟုတ်လား။

မှန်လှပါဘုရား။

“တကာ တတွေ အပုံစာတိ၊ အမျှားကြီး ဣတိ ဝုစ္စတေ။”

ထိုထိုပေါ်ရာဏာ ငှီကာက ‘တကာ’တဲ့, ‘တစ်တွေ’တဲ့, ‘အပုံ’တဲ့, အများပရိယာယ်တွေ၊ ကိုင်း ရှိပစေ။

ပထမအရွယ်တွင်းမှာ ကုသိုလ်ပြုတိုင်း ဖြစ်လာခဲ့တဲ့ ပထမဇော စေတနာတွေဟာ မရေမတွက်နိုင်အောင်ပါပဲ၊ ဆိုလိုရင်းက ပထမ အရွယ်တုန်းက ပြုခဲ့တဲ့ ပထမဇောစေတနာတွေဟာ ပထမအရွယ်၌ သော်လည်းကောင်း, ဒုတိယအရွယ်၌သော်လည်းကောင်း, တတိယ အရွယ်၌သော်လည်းကောင်း အကျိုးပေးတတ် ပါတယ်တဲ့။ ဒါက တစ်ချက်ထား။

နောက်တစ်ခါ ဒုတိယအရွယ်, သုံးဆယ့်သုံးနှစ်က ကျော်လာ တော့ ခြောက်ဆယ့်ခုနှစ်နှစ်အထိ ပြုတဲ့ကုသိုလ်တွေမှာ ပါတဲ့ ပထမဇော စေတနာတွေလည်း မရေတွက်နိုင်အောင်ပဲနော် ဒကာကြီးဦးမိုး။ အဲဒါကြောင့်....

## အရွယ်နှစ်မျိုး အကျိုးပေးသောက

**မဇ္ဈိမဝယေ ကတံ မဇ္ဈိမဝယေဝါ ပစ္ဆိမဝယေဝါတိ ဝိပါကံဒေတိ**

**မဇ္ဈိမဝယေ**-ဒုတိယအရွယ်၌။ **ကတံ**-ပြုလုပ်အပ်သော။ **ယံကမ္မံ**- အကြင်ပထမဇောဆိုတဲ့ ကုသိုလ်ကံသည်။ **မဇ္ဈိမဝယေဝါ**- ဒုတိယအရွယ်၌လည်းကောင်း။ **ပစ္ဆိမဝယေဝါ**-တတိယအရွယ်၌ လည်းကောင်း။ **ဝိပါကံ**-အကျိုးကို။ **ဒေတိ**-ပေးတတ်၏။

ဒုတိယအရွယ်မှာ ပြုတဲ့

ကုသိုလ်စေတနာတွေက ဒုတိယအရွယ်၌လည်းကောင်း, တတိယ အရွယ်၌လည်းကောင်း အကျိုးပေးပါတယ်။ တတိယအရွယ်မှာ ပြုတော့ကော၊ တတိယ အရွယ်မှာပဲ ပထမဇော စေတနာတွေက "တတ္ထေဝ ဝိပါကံ ဒေတိ" အဲဒီ တတိယအရွယ်မှာပဲ အကျိုးပေး ပါတယ်။ အဲဒီလို အကျိုးပေးတဲ့ ကံကို။ ဒိဋ္ဌဓမ္မဝေဒနိယကံ- မျက်မှောက်သော ကိုယ်၏အဖြစ်မှာ အကျိုးပေးတဲ့ကံလို့ ဆိုပါတယ်။ ရိုးရိုးကတော့ ပြီးပြီနော်။

တင်ပါ့ ဘုရား။

## (၇)ရက်အတွင်းအကျိုးပေးသောကံ

"ယံ ပန သတ္တ ဒိဝသဗ္ဘန္တရေ ဝိပါကံ ဒေတိ"

ယံပန-အကြင် ပထမဇောကုသိုလ်ကံ စေတနာသည်ကား။ သတ္တ ဒိဝသဗ္ဘန္တရေ-ခုနစ်ရက်ကာလ အတောအတွင်း၌။ ဝိပါကံ- အကျိုးကို။ ဒေတိ-ပေး၏။ တံ-ထိုကံသည်။ ပရိပက္ကဝေဒနိယံနာမ- ပရိပက္ကဝေဒနိယ ကံမည်၏။

ခုနက အရွယ်သုံးပါး တစ်ပါးပါးမှာ အကျိုးပေးတာက ဒိဋ္ဌဓမ္မ ဝေဒနိယကံ နော်။ ခုနစ်ရက်အတွင်း အကျိုးပေးတဲ့ကံက ပရိပက္က ဝေဒနိယကံ ကိုင်း....ကောင်းပြီ၊ ပရိပက္ကဝေဒနိယကံ အကျိုးပေးဖို့ရာ အင်္ဂါက....

၁။ ပစ္စယာနံ ဓမ္မိကတာ

၂။ စေတနာ မဟတ္တတာ

၃။ ဝတ္ထုသမ္ပတ္တိ

၄။ ဂုဏာတိရေကတာ

အင်္ဂါလေးချက်၊ အဲဒီအင်္ဂါလေးပါးကို တစ်ခါဝေလိုက်တော့ အလှူပေးတဲ့ပုဂ္ဂိုလ်ဘက်က နှစ်ပါး, အလှူခံတဲ့ပုဂ္ဂိုလ်ဘက်က အင်္ဂါနှစ်ပါး, အဲဒီ အင်္ဂါလေးပါး ပြည့်စုံရင် ခုနှစ်ရက်အတွင်း အကျိုးပေးပါတယ်တဲ့။ အဲဒီ ခုနှစ်ရက်အတွင်း အကျိုးပေးတဲ့ ပထမဇော စေတနာကို ပရိပက္ကဝေဒနိယကံ၊ ဒကာကြီးဦးမိုး

ဘုရား ဒီနေ့ အဘိဓမ္မာ မစစ်လိုက်ဖူးလား။

စစ်ပါတယ် ဘုရား။

ဒါမှ နိဗ္ဗာန်ရောက်ကြောင်း မဟုတ်ရင် ဘယ့်နှယ်တုန်း။ ကိုင်း ရှိစေ....

## သဲကမ်းပါးပြိုသလို သဒ္ဓါယိုဖိတ်

၁။ **ပစ္စယာနံ ဓမ္မိကတာ**၊ ပစ္စယာနံ-ပစ္စည်းတို့၏။ **ဓမ္မိကတာ**-တရားနှင့် လျော်သည်၏ အဖြစ်လည်းကောင်း။

၂။ **စေတနာ မဟတ္တတာ**-စေတနာ၏ ကြီးကျယ်မြင့်မြတ်သည်၏ အဖြစ်လည်းကောင်း။

ဒါက အလှူပေးတဲ့ ဒကာ, ဒကာမဘက်က သူ ရထားတဲ့ပစ္စည်း တရားသဖြင့် ရထားတာ, စင်ကြယ်တယ်တဲ့။ အလှူခံပုဂ္ဂိုလ်တွေနဲ့ တွေ့လို့ရှိရင်လည်းပဲ အဲဒါ မလှူပဲ မနေနိုင်ဘူးတဲ့။ သဲကမ်းပါး ပြိုသလို သဒ္ဓါတရားတွေ ယိုဖိတ်ပြီးတော့နေတဲ့ ပုဂ္ဂိုလ်တဲ့။

စေတနာကလည်း အင်မတန် ထက်သန်တယ်။ အလှူပေးသူဘက်က အင်္ဂါနှစ်ပါး၊

"ဝတ္ထုသမ္ပတ္တိ" လို့ ဆိုတာက ရဟန္တာဖြစ်ရမယ်တဲ့။ "ဂုဏာတိရေက" ဆိုတာက အဲဒီ ရဟန္တာက သာမန်မဟုတ်ဘူးတဲ့။ သမာပတ်ခြောက်ရက် ဝင်စားပြီးတော့ ခုနစ်ရက်မြောက်တဲ့နေ့ နိရောဓသမာပတ်မှ ထလာတဲ့ ပုဂ္ဂိုလ်ဖြစ်ရမယ်တဲ့။ ရဟန္တာ သာမန် မဟုတ်ဘူးတဲ့။ ရဟန္တာရိုးရိုးကြွလာတာ မဟုတ်ဘူးတဲ့။ နိရောဓ သမာပတ် ဝင်စားပြီးမှ ခုနစ်ရက်မြောက်မှာ နိရောဓသမာပတ်မှ ထလာတဲ့ ပုဂ္ဂိုလ်ဖြစ်ရမယ်တဲ့။ အဲဒါ "ဂုဏာတိရေကတာ"တဲ့။

၃။ ဝတ္ထုသမ္ပတ္တိ-ရဟန္တာ ပုဂ္ဂိုလ်ဖြစ်နေခြင်းဟု ဆိုအပ်သော ဝတ္ထု၏ ပြည့်စုံခြင်းလည်းကောင်း။

၄။ ဂုဏာတိရေကတာ-နိရောဓသမာပတ်မှ ထခြင်းဟု ဆိုအပ်သောဂုဏ်၏ လွန်ကဲသည်၏ အဖြစ်လည်းကောင်း၊ အဲဒါ အလှူခံပုဂ္ဂိုလ်ဘက်က အင်္ဂါနော်။ အဲဒီအင်္ဂါလေးပါး ပြည့်ပြည့်စုံစုံနဲ့ လှူလိုက်ရင် အဲဒီ လှူရတဲ့အလှူ ပဌမဇော စေတနာသည် ခုနစ်ရက်အတွင်း အကျိုးပေးပါတယ်တဲ့။

## ယခုဘဝ အကျိုးပေးသောကံ

ကိုင်း....ဒီတော့ ဝေလိုက်တာက ဘယ်နှယ်ဝေလိုက်သလဲ။ ပဌမဇောစေတနာကို ဒိဋ္ဌဓမ္မကံ အမည်နဲ့ ဝေလိုက်တယ်။ အဋ္ဌကထာဆရာက ပဌမဇောစေတနာပဲ။ အင်္ဂါလေးပါးနဲ့

ညီညွတ်လို့ရှိရင် ပရိပက္ကဝေဒနိယကံ လို့ ဆိုပြီတော့ ဝေလိုက်တယ်။ ပထမဇောစေတနာသည် နာမည်နှစ်မျိုးရတယ်။ အင်္ဂါလေးပါးနဲ့ ပြည့်စုံတဲ့ ပထမဇောစေတနာကိုတော့ "ပရိပက္ကဝေဒနိယကံ" လို့ ခေါ်တယ်။ အင်္ဂါလေးပါးနဲ့ မပြည့်စုံတဲ့ ပထမဇောစေတနာကိုတော့ အရှယ်သုံးပါးနဲ့ အကျိုးပေးသွားလိမ့်မယ်တဲ့။ ဒီတစ်ဘဝထဲ မဟုတ်ဘူးလား။ ခုနှစ်ရက်အတွင်း မြန်တယ်ပေါ့၊ ဟုတ်ကဲ့လား။

တင်ပါ့ ဘုရား။

ခုနက အရွယ်သုံးပါးနဲ့ ပိုင်းခြားလိုက်တာကတော့ နွေးသပေါ့။ သို့သော်လည်း ဘာပဲပြောပြော ကုသိုလ်ရှင်တွေမှာ ပထမဇောစေတနာတွေက ဒီအရွယ်သုံးပါးမှာ အကျိုးပေးမယ် ဆိုတာကတော့ သိပ်သေချာမနေဘူးလား။

သေချာပါတယ် ဘုရား။

ပထမဇောစေတနာအရွယ်သုံးပါးမှာ ဒီ အဋ္ဌကထာ စကားအရ အရွယ်သုံးပါးမှာ အကျိုးပေးမယ်ဆိုတာကတော့ သိပ်သေချာနေတယ်။ အလျင်အမြန်ပေးမယ် ဆိုလို့ရှိရင်ဖြင့်လည်း ပရိပက္ကဝေဒနိယကံ၊ အဲဒီ ပရိပက္ကဝေဒနိယကံကလည်းပဲ ခုနက အင်္ဂါလေးပါး....

(၁) လှူဒါန်းတဲ့ ပစ္စည်းရဲ့ စင်ကြယ်တဲ့ ပစ္စည်း ဖြစ်ခြင်း။

(၂) လှူတဲ့ပုဂ္ဂိုလ်ရဲ့ စေတနာ ဗလဝ စေတနာကောင်းသည်၏ အဖြစ်, သဒ္ဓါတရား အားကောင်းသည်၏ အဖြစ်။

(၃) အလှူခံ ပုဂ္ဂိုလ်က ရဟန္တာဖြစ်ခြင်း။

(၄) နိရောဓသမာပတ်မှ ထ, ခါစလည်း ဖြစ်ခြင်း။

အဲဒီ အင်္ဂါလေးပါးနဲ့ ပြည့်စုံရင် ခုနှစ်ရက်အတွင်း အကျိုးပေးတယ်။ ဒီတော့ ဒိဋ္ဌဓမ္မဝေဒနီယကံပဲ ဖြစ်ဖြစ်, ပရိပက္ကဝေဒနီယကံပဲ ဖြစ်ဖြစ်, တစ်ဘဝအတွင်းမှာ အကျိုးပေးတယ် ဆိုတာကတော့ ကိုယ့်ပရိသတ် အသေအချာ မှတ်ထား။ ဒီတော့ ခုနက ဇော ခုနှစ်ချက်မှာ ပထမဇောစေတနာကိုတော့ ဒီလိုပဲ ပြောခဲ့ပြီ။ အမည် နှစ်မျိုးနဲ့။

## ဒုတိယဘဝအကျိုးပေးသောကံ

ပထမဇောပြီးတော့ ဒုတိယ, တတိယ, စတုတ္ထ, ပဉ္စမ, ဆဋ္ဌမ ဇောင်းခုကို ချန်ထားခဲ့။ သတ္တမဇောကျတော့ သူက ဘယ်ဘဝအကျိုးပေးမလဲဆိုတော့ ဒီဘဝသေပြီးတော့ ဒုတိယဘဝမှာ အကျိုးပေးမယ်တဲ့။

## သတ္တဝါတိုင်း အမြဲရှိနေသော ကံ

အလယ်ဇော ငါးချက်ကတော့ တတိယဘဝမှ စ၍ နိဗ္ဗာန်ကူးတဲ့အထိ ပေးသွားလိမ့်မယ်တဲ့။ အခွင့်ရတိုင်း အခွင့်ရတိုင်း ဒါ့ကြောင့် မည်သည့်သတ္တဝါမဆို အပရာပရိယဝေဒနီယကံမှ ကင်းတဲ့ သတ္တဝါမရှိဘူး။ အဲဒီတော့ အမြဲတမ်း ပါနေကျတာချည်းပါပဲတဲ့ ဟုတ်လား။ ခုနက သတ္တမဇော စေတနာကိုတော့ ဥပပဇ္ဇဝေဒနီယကံ, ဒုတိယဘဝမှာ ကပ်ပြီးတော့ အကျိုးပေးတဲ့အတွက်ကြောင့် သူက ဥပပဇ္ဇဝေဒနီယကံ, အလယ်ဇော ငါးတန်ကိုတော့ တတိယဘဝမှစ၍ နိဗ္ဗာန်မျက်မှောက်ပြုတဲ့အထိ အကျိုးပေးပါလိမ့်မယ်။

ဒီတော့ အခု ပထမဈာနစေတနာနဲ့ ပတ်သက်ပြီး ပြောခဲ့တယ် မဟုတ်လား။

တင်ပါ့ ဘုရား။

ဒိဋ္ဌဓမ္မဝေဒနီယကံ, ပရိပက္ကဝေဒနီယကံ, ဒိဋ္ဌဓမ္မဝေဒနီယကံ ဆိုတာ ပထမဈာနစေတနာတွေ, အဲဒါ ပထမအရွယ်, ဒုတိယအရွယ်, တတိယအရွယ်, ပထမအရွယ်ပြုတာ ပထမအရွယ်၌လည်းကောင်း, ဒုတိယအရွယ်၌လည်းကောင်း, တတိယအရွယ်၌လည်းကောင်း။

ဒုတိယအရွယ်မှာဖြစ်တဲ့ ပထမဈာနစေတနာတို့သည် ဒုတိယအရွယ်၌လည်းကောင်း, တတိယအရွယ်၌လည်းကောင်း, တတိယအရွယ်မှာဖြစ်တဲ့ ပထမဈာနစေတနာတို့သည် တတိယအရွယ်၌ပင်လျှင် ဆိုခဲ့ပြီးတော့ '**တတ္ထေဝ**' မှာ 'ဧဝ' နဲ့ ကန့်လိုက်တယ်။ အဲဒီကျတော့ ဟိုဘက်မကူးတော့ဘူးတဲ့ ဟုတ်လား။ အဲဒါကြောင့် ....

"**တတ္ထေဝ ဝိပါကံ ဒေတိ**" တတ္ထေဝ-ထို တတိယအရွယ်၌သာလျှင်။ **ဝိပါကံ**-အကျိုးကို။ **ဒေတိ**-ပေး၏။

ဒါ ရှိပစေ။ ပရိပက္ကဝေဒနီယကံနဲ့ ပတ်သက်ပြီးတော့ ဝတ္ထုကြောင်းလေးတစ်ခု ထုတ်ပြီးတော့ ပြောကြဦးစို့။ တိုတိုပြောမယ် ဆိုတာ ကိုယ်ပြောတဲ့ တိုတိုကတော့ အချိန်ပြည့်သွားပြီ။ နည်းနည်းကလေး ရှည်လိုက်ကြဦးစို့။

တင်ပါ့ ဘုရား။ တရားနာ ပရိသတ်ကလည်း များပါတယ် ဘုရား။

ဟင်....များနေသလား။

မှန်ပါ့ ဘုရား။

များနေတာကတစ်ခြား, နာချင်တာကတစ်ခြား

နာချင်ပါတယ် ဘုရား။

နာချင်ရဲ့လား။ ဦးမိုး ပြောတဲ့အတိုင်း ရှိပစေ။

ဒိဋ္ဌဓမ္မဝေဒနီယကံနဲ့ ပရိပက္ကဝေဒနီယကံ နှစ်မျိုးတို့တွင် ဒိဋ္ဌဓမ္မဝေဒနီယကံကို ချန်ထားပြီးတော့ ပရိပက္ကဝေဒနီယကံ အကျိုးပေးပုံကို ပြောကြစို့ ဒကာမိုးရေ။

တင်ပါ့ ဘုရား။

အဲဒါ ဝတ္ထုကြောင်းနဲ့ ပြောရလိမ့်မယ်။ တို့ ဘုရားလက်ထက်က ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီး၊ ဒါကိုလည်း လှသိန်းတို့ ဟောလို့ ထောင်းလမောင်း ကျေနေပါပြီ။ ဒါပေမယ့်သူ့အပြောနဲ့ ကိုယ့်အပြော မတူဘူး။ တစ်ခြားစီ ဟုတ်လား။

တင်ပါ့ ဘုရား။

ကိုင်း ရှိပစေ။

## ဆင်းရဲသားတွေ ချီးမြှောက်တဲ့ သာသနာ

ရာဇဂြိုဟ်မြို့က မြတ်စွာဘုရားရဲ့ လက်ျာတော်ရံ ဖြစ်တော်မူတဲ့ ပညာတေဒဂ်ရ ရှင်သာရိပုတ္တရာ ရဟန္တာမထေရ်မြတ်ကြီးက နိရောဓသမာပတ် ခြောက်ရက်ဝင်စားပြီးတော့ ခုနှစ်ရက်မြောက်တဲ့နေ့ နိရောဓသမာပတ်မှ ထ, ထတော့ ချီးမြှောက်ဆိုတာ ဒကာမိုးရေ တော်အောင်ရော်အောင် အမှတ်တမဲ့ ဒီလို မဟုတ်ဘူး။ နိရောဓ

သမာပတ်မှ ထပြီးတော့ ကြည့်လိုက်တော့ ရှင်သာရိပုတ္တရာက "ငါသည် ယနေ့ဘယ်သူ့ကို ချီးမြှောက်ရပါမလဲ"လို့ နိရောဓသမာပတ်မှ ထပြီးတော့ ကြည့်လိုက်တယ်။ လယ်ထွန်နေတဲ့ လယ်ထွန်ယောက်ျား၊ သူတစ်ပါးအိမ် အစေအပါး လုပ်နေတဲ့ မောင်ပုဏ္ဏကို ချီးမြှောက်ဖို့ မြင်တယ်။ မောင်ပုဏ္ဏဆိုတာ အင်မတန် ဆင်းရဲတဲ့ ဒကာလေး၊ ဒကာမိုး တို့ သာသနာတော်က ဆင်းရဲသားကို ရွေးပြီးတော့ မချီးမြှောက်ဖူးလား။

ချီးမြှောက်ပါတယ် ဘုရား။

## သဒ္ဓါတရားရှိမှ ချီးမြှောက်လို့ရ

လယ်ထဲမှာ လယ်ထွန်နေတဲ့ မောင်ပုဏ္ဏ, သူတစ်ပါးအိမ်နေရတဲ့ ကျွန်ယောက်ျားကို ငါ ချီးမြှောက်ဖို့ မြင်တယ်။ မောင်ပုဏ္ဏရဲ့ သန္တာန်မှာ သဒ္ဓါတရားကကော ရှိရဲ့လား ကြည့်ရသေးတာကိုး ဒကာမိုးရဲ။ သွားပြီးမှ သဒ္ဓါတရား မရှိရင် အချည်းနှီး ဖြစ်တော့မယ် မဟုတ်လား။

သဒ္ဓါတရားလည်း ကောင်းတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ ကဲ.... သူ့ကို ချီးမြှောက်မယ်လို့ တစ်ခါတည်း စိတ်ဆုံးဖြတ်ချက် ချလိုက်တယ်။ မောင်ပုဏ္ဏက အဲဒီနေ့ ဘယ်နေ့တုန်းဆိုတော့ တန်ဆောင်မုန်းလပြည့်နေ့ ဒကာမိုးရဲ၊

တင်ပါ့ ဘုရား။

တန်ဆောင်မုန်းလပြည့်နေ့ဆိုတာ တို့ ဗမာပြည်တစ်ဝှမ်းလုံးလည်း မီးထွန်းပွဲတွေနဲ့, တန်ဆောင်တိုင်ပွဲတွေနဲ့, ခြိမ့်ခြိမ့်မွန်းလို့

မဟုတ်လား။

တင်ပါ့ ဘုရား။

အဲဒီ ဘုရားသီတင်းသုံးရာဖြစ်တဲ့, ဘုရားပွင့်ရာဖြစ်တဲ့, မဇ္ဈိမဒေသကလည်း အဲဒီမှာ နက္ခတ်ပွဲသဘင်ဆိုပြီးတော့ တန်ဆောင်တိုင်ပွဲကြီး အကြီးအကျယ်ပေါ့။ ဒီတော့ မောင်ပုဏ္ဏ နေရတဲ့ အိမ်က သူဌေးကြီးက ....

"မောင်ပုဏ္ဏ.... မနက်ဖြန်တော့ကို တို့အိမ်ရှိလူကုန် အလုပ်သမားတွေရော, အစေအပါးတွေရော, နက္ခတ်ပွဲသဘင် ပျော်ပါးကြလိမ့်မယ်။ မင်းက ဘယ်နှယ်တုန်း မင်းသဘောပြောစမ်းပါ။" "ဗျာတဲ့.... ကျွန်တော်က လုပ်မှစားရတဲ့ လူပါ၊ ကနေ့လို စားစရာရှိပေမယ့် နက်ဖြန်ခါ ရှိချင်မှ ရှိတာပါ။ ကျွန်တော်တော့ လယ်ပဲထွန်ပါမယ်။"

"ကိုင်း ဒါဖြင့် ကောင်းပြီ၊ မင်းကြိုက်ရာ အကောင်းဆုံး နွားတစ်ရှဉ်းယူသွား၊ ကိုင်း စားစရာရိက္ခာလည်းပဲ မင်းမိန်းမအိမ်တစ်ခါထဲယူသွား။ နက်ဖြန်ခါအတွက် မင်းတို့ လယ်ထွန်မှာဖြင့်ရင်ပြီးရော။ အဲဒီ နွားလည်း ငါအပိုင်ပေးလိုက်တယ်"၊ ဒီလိုကိုး၊ အဌါးမဟုတ်တော့ဘူး၊ ဟုတ်လား။

တင်ပါ့ ဘုရား။

ဒါနဲ့ တန်ဆောင်မုန်းလပြည့်နေ့ မနက်ခင်းရောက်တော့ အစောကြီးထ, နွားကြီးတစ်ရှဉ်းနဲ့ တကတဲ ထယ်ကြီး တင်မောင်းသွားပြီးတော့ လယ်ထဲမှာ ထယ်ထိုးနေ။ အိမ်က အိမ်ရှင်မကလည်း၊

သူ့အိမ်ရှင်မက မယ်ဥတ္တရာ၊ မယ်ဥတ္တရာကလည်းပဲ "တို့ အိမ်သား တော့ လယ်ထွန်သွားပြီ, အချိန်ကျရင် ထမင်းပို့ရအောင်" ဆိုပြီးတော့ သူကလည်း အိမ်ရှိသမျှကလေး ကြံဖန်ပြီးတော့ ချက်ပြုတ်, ဒီတော့ ဟိုကလည်း လယ်ထွန်သွား ရှင်သာရိပုတ္တရာကလည်း "ဒီနေ့မနက် နိရောဓသမာပတ်မှ ထတဲ့နေ့၊မောင်ပုဏ္ဏကို ချီးမြှောက်ရလိမ့်မယ် ဆိုပြီးတော့ နိရောဓသမာပတ်ကထ,တော့ ဒကာကြီးဦးမိုးရေ ညစ်ပတ်တယ်တော့ မဆိုနဲ့၊ မျက်နှာ မသစ်ခဲ့ရသေးဘူးတဲ့။

တင်ပ့ါ စောသေးလို့ပါ ဘုရား။

စောလို့ အစောကြီး ထလာတာကိုး။ အာရုဏ်တက် ထလာတာ၊ ဒီတော့ မျက်နှာမသစ်ရသေးဘူး။ သစ်စရာမရှိလို့ မဟုတ်ဘူး။ ဒကာကြီးဦးမိုးရဲ့ 'မောင်ပုဏ္ဏ မျက်နှာသစ်ရေလှူရတဲ့ အကျိုးရပါစေ' ဆိုတဲ့ အနေနဲ့ သူ့ဆီမှာ အလှူခံတာ။

တင်ပ့ါ ဘုရား။

ဒီတော့ ဘာသောမပြောနဲ့ ကြွလာတာ။ ကြွလာတော့ သူက လယ်ထွန်မယ်လို့, ထယ်ထိုးမယ်လို့, တကတဲ ပြင်ကာစလောက် ရှိသေးတယ်။ ထယ်ထိုးကာစ ရှိသေးတယ်။ ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီး ကြွလာလို့ ကန်သင်းရောက်တော့ နွားတွေ ရပ်ထား ခဲ့ပြီးတော့ သူကရှိခိုးတယ်, ရှိခိုးဝတ်ချပြီးတော့မှ ရှင်သာရိပုတ္တရာက ခြံပုတ်တည့်တည့် လှည့်ပြီးတော့ ရပ်တယ်တဲ့။ ခြံပုတ်တည့်တည့် လှည့်ပြီးတော့ ရပ်တဲ့အချိန်ကျတော့မှ "ဒန်ပူလိုချင်လို့ ဖြစ်လိမ့်မယ်" ဆိုပြီးတော့ သစ်ခက်ကလေးချိုးလှူတယ်။ အရင်းအနှီး ဘာမှမပါဘူး

ကြားလား။

တင်ပါ့ ဘုရား။

## တောပန်းချိုး ဘုရားတင်

အေး....အရင်းအနှီး ဘာမှမပါဘူးနော်။

မပါပါ ဘုရား။

အဲဒါမျိုး အားကျလို့လား မဆိုနိုင်ဘူး ဒကာမိုးရေ၊ ကိုယ်ပြောဦးမယ်။ ကိုယ်သတင်းတစ်ခု ရခဲ့တာ ပြောမလို့၊

တင်ပါ့ ဘုရား။

ရတနာသုံးပါးကို မယုံကြည်တဲ့ လူတစ်ယောက် ပြောတာတဲ့ ဟုတ်လား။

တင်ပါ့ ဘုရား။

တစ်ချို့အိမ်တွေမှာ ဘုရားပန်းတင်တာတွေကို ကြည့်ပြီးတော့ "ခင်ဗျား တို့ ဒါတွေ ဝယ်တင်ကြသလား။ ဝယ်မတင်နဲ့, တောထဲက ချိုးတင်" လို့ ဆိုသတဲ့၊ "ခင်ဗျားတို့ ဘုရားတင်တာ ပိုက်ဆံနဲ့ ဝယ်မတင်နဲ့" လို့ ဆိုသတဲ့။ ဒကာကြီးတစ်ယောက်က ကိုယ့်ကို တိုးတိုးလေး လျှောက်လိုက်တာ၊ ကိုယ့်ကျမှ အခုပရိသတ်ထဲ ပေါ်ကုန်တယ်၊ ကြားလား။

မှန်လှပါ ဘုရား။

ပြောဦးမယ်။

## စားတာလည်း မတွေ့ရ

ခုနက တရုတ်နီတွေက "ရှိရှောင်းပနား မိုင်းရမ်း" က အိမ်တွေ လည်ကြည့်သတဲ့။ တရုတ်နီတွေက အိမ်တွေ လည်ကြည့်ပြီးတော့ ဆွမ်းတော်တင်တာတွေ တွေ့တော့ "ဒါ ဘာလုပ်တာတုန်း" လို့ ဆိုသတဲ့၊ "ဘုရားဆွမ်းတော် တင်ထားတာ" ဆိုတော့ တော်တော် ကြာအောင် ရပ်ကြည့်နေတယ်။ "ကုန်လည်း မကုန်ဘူး, ဘုရား စားတာလည်း ငါမတွေ့ဘူး" လို့ ဆိုသတဲ့။ "ဘုရားမှ မစားဘဲနဲ့ မင်းတို့ဟာ၊မစားဘဲနဲ့ တင်ထားတာ အလကား ဖြစ်တယ်၊မတင်နဲ့" လို့ ဆိုသတဲ့။

မှန်လှပါ ဘုရား။

အခုတော့ တောထဲက ပန်းကိုချိုးပြီး အတင်ခိုင်းတာ တော်သေး တာပေါ့ဗျာ၊ ကိုယ်ကတော့ ကျေးဇူးတင်တယ်ကြားလား။ အဲ "ဝယ်မတင်နဲ့, တောထဲက ပန်း ချိုးတင်" လို့ ဆိုသတဲ့။ ကိုင်း ရှိပစေ။ တို့ ဝတ္ထုကို ပြန်သွားကြဦးစို့။

## ငွေကုန်ရန် မလိုသော ကုသိုလ်များ

ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက ခြံဘက်ကို လှည့်ပြီး တော့ ရပ်လိုက်တော့ သစ်ခက်ကလေးချိုး၊ အရင်းအနှီး ဘာမှမပါဘူး မဟုတ်လား။

မပါပါ ဘုရား။

ကုသိုလ်ဆိုတာ ပြုတတ်ရင် အရင်းအနှီးပါမှ, မပါမှ မဟုတ်ဘူး,

ကြားလား၊ ဒန်ပူလေးဝါး, ဒန်ပူလေး ဝါးပြီးတော့မှ ရှင်သာရိပုတ္တရာက သပိတ်နဲ့ ရေစစ်ထုတ်ပြီးတော့ ပေးလိုက်တော့ "ပလုတ်ကျင်းချင်လို့, မျက်နှာသစ်လိုလို့, ရေအလိုရှိလို့ပဲ" ဆိုပြီးတော့ အဲဒါ ရေအိုင်ထဲက ရေစစ်ပြီးတော့ သပိတ်ထဲထည့်, အရင်းပါသလား၊ ဒကာမိုးရေ။

မပါပါ ဘုရား။

သူလှူတာ ရေနဲ့ ဒန်ပူနော်၊

မှန်ပါ့ ဘုရား။

ဒီတော့ သူ့ဆီက ဒန်ပူဝါးပြီးတော့ အဲဒီကျတော့မှ လယ်ကန်သင်းထိုင်ပြီးတော့ ကိုယ်တော်ကြီး မျက်နှာသစ်, ပလုတ်ကျင်းသန့်ရှင်းပြီး အချိန်ကို ကြည့်လိုက်တော့ 'စောသေးတယ်'။ မယ်ဥတ္တရာအိမ်ကို ငါသွားပြီးတော့ ဆွမ်းရပ်လို့ရှိရင် သူမလောင်းခင်သူ့ဌေး အရင်ဦးသွားလိမ့်မယ်တဲ့။ ဆင်းရဲသား ရွေးလိုက်ပုံတော့ ဒကာဦးမိုးရေ ကြားရဲ့လား။

တင်ပါ့ ဘုရား။

ဒါကြောင့် ကိုယ်ကလည်း လူဆင်းရဲ ပင့်တာချည်း လိုက်လိုက်ာရားဟောနေတာ၊ ဟုတ်လား။

တင်ပါ့ ဘုရား။

လူချမ်းသာ မျက်နှာကြီးဆိုရင် တယ်လိုက်ချင်တာ မဟုတ်ဘူး။

တင်ပါ့ ဘုရား။

လူချမ်းသာ မျက်နှာကြီးဆိုရင် တယ်လိုက်ချင်တာ မဟုတ်ဘူး။

လူဆင်းရဲဆိုရင်တော့ လိုက်သွားရော။ ကိုယ်က လွယ်လွယ် လိုက်တယ်။ ဟုတ်လား။ လူချမ်းသာဆိုရင် ဂျီးထူချင် ထူနေသေးတယ်။

တင်ပ့ါ ဘုရား။

လူချမ်းသာ မျက်နှာကြီးဆိုတာ အမြဲတမ်း လျှုနေတာ၊ပြီးတော့ သူတို့ဆီ အလှူခံတဲ့ ဘုန်းကြီးလည်း ပေါတယ်။ လူဆင်းရဲကျတော့ ရှေးတယ်၊ ကြားပြီလား။

တင်ပ့ါ ဘုရား။

## ဝက်သားထံ ကာပြန်ရုန်း သွားရော့ခေါင်းတုံး

အေး....ဒါကြောင့်မို့ သင်္ဂဇာဆရာတော်ကြီးက ရေးထားတဲ့ ပုံပြင်လေး ပြောရဦးမယ်။

တင်ပ့ါ ဘုရား။

လယ်ထွန်ယောကျ်ားက ထွန်ဖြုတ်တော့ ဘုန်းကြီးကျောင်းတက်ပြီး "နက်ဖြန်ခါ တပည့်တော်အိမ် ဆွမ်းကျွေးဖို့ရာ စီမံထားပါတယ် ဘုရား၊ အရှင်ဘုရား ဆွမ်းစား ကြွတော်မူပါဘုရား"၊ ဒီ ဒကာ လျှောက်လို့မှ ဘုန်းကြီးက စကားပြန်မပေးရသေးဘူး။ နောက်က ခေါင်းပေါင်းလွှာစနဲ့ အခုခေတ်ပြော ပြောရရင် မောင့်ကျက်သရေ ခေါင်းပေါင်းနဲ့ ပေ့ါ။

မှန်ပါ ဘုရား။

တကတဲ ပိုးသားပုဆိုးနဲ့, ဘာနဲ့, ဟန်ကျပန်ကျနဲ့ တက်လာပြီးတော့ "နက်ဖြန် တပည့်တော်အိမ် ဆွမ်းစားကြွပါ" ဆိုတော့

ဘုန်းကြီးကခက်နေ၊ သူက နောက်ဒကာနောက်ကို လိုက်ချင်တာကိုး။

မှန်ပါ ဘုရား။

ပြုံးပြုံးပြောင်ပြောင် မြင်နေတော့၊ ဒီတော့ ဘုန်းကြီးက ဥာဏ် ထုတ်သတဲ့၊ "ဟေ့ ဒကာ....မင်းတို့နှစ်ယောက် ဆုံနေတယ်။ အခု လယ်ထွန်ယောကျ်ားကလည်း ပင့်ပြီးပြီ၊ ဒီတော့ ငါဆုံးဖြတ်ရ ခက်သကွာ" ဝိနည်းကတော့ ဒီအတိုင်း မဟုတ်ပါဘူး။ ဝိနည်း ကတော့ အရင်ပင့်တာ အရင်လိုက်၊ မလိုက်နိုင်ရင် ကိုယ်စားထည့်၊ ဒီလို ကိုယ်စားထည့်တာကို ဝိကပ္ပနာပြုတယ်လို့ ခေါ်တယ်၊ ကိုင်း ရှိစေ။ အဲဒီ ဘုန်းကြီးကတော့ ဒီလိုမဟုတ်ဘူး။ ဒါ သင်္ဂဇာဆရာတော် ပြောတဲ့ ပုံပြင်ထဲမှာ ပါတာပဲ။ ဟုတ်လေ, မဟုတ်လေတော့ ကိုယ် မပြောတတ်ဘူး။ ဥာဏ် ဘယ့်နှယ်ထုတ်တုန်းဆိုတော့ "ကိုင်းကွာ.... မင်းတို့ ငါဆုံးဖြတ်ရ ခက်တယ်။ ဒီတော့ မင်းတို့ ဒကာနှစ်ယောက် ငါ့ရဲ့ လက်တစ်ဖက်စီ ဆွဲကြ, နိုင်တဲ့ဘက် ငါဆွမ်းစားလိုက်မယ်" ဆိုတော့ လယ်သမား ဆိုတာ အားကောင်းတယ်၊ အလုပ်သမားကိုး ဒကာမိုးရ။

မှန်ပါ ဘုရား။

ဟို ပိုးသားပုဆိုးနဲ့ မောင့်ကျက်သရေခေါင်းပေါင်းနဲ့ လူက ဒါလောက် အားရှိတာ မဟုတ်ဘူး။ ဘုန်းကြီးက ဆွဲခိုင်းတော့ ခါးတောင်းကြိုက်ပြီးတော့ ဒကာနှစ်ယောက်ဆွဲ၊ ဆွဲတော့ ဘုန်းကြီးက အဲဟို လယ်သမားဆွဲတဲ့ဘက်ကို ခြေထောက်ကလေး တောင့်တောင့် ထားသတဲ့။ ဒီတော့ လယ်သမားကြီးကလည်း အားကောင်းကောင်းနဲ့

ဆွဲတော့ သူ့ဘက်ချည်းပဲ ပါလုပါလုနဲ့ ဖြစ်နေတာ။ ဒီတော့ ပါမှာ စိုးသွားတော့ ဘုန်းကြီးကလည်း ဝက်သားဟင်း စားချင်သေးတာကိုး။ သူတော့ ချဉ်ပေါင်ဟင်းနဲ့ ငရုပ်သီးထောင်း တွေ့မှာစိုးတော့ တကတဲ သူ့ခြေထောက်ကလေးကို တောင့်တောင့်ထားတော့ လယ်သမားကြီးက သိသတဲ့။ ကြာကြာ ဆွဲလေ, သိလေ, သိလာတော့ အမြင်ကပ်ရောဆိုကိုး၊ အမြင်ကပ်တော့....

"ဒါလောက်တောင် ဘက်လိုက်တဲ့ ဘုန်းကြီး၊ သိရော့မယ်" ဆိုပြီးတော့၊ "ချဉ်ပေါင်ကိုကာပြန်လို့, ဝက်သားထံ ခြေကန်ရုန်း သွားရော့ ခေါင်းတုံး," ဆိုပြီးတော့ တကတဲ ရုန်းနေတုန်း 'ဖြုန်းကနဲ' လွှတ်လိုက်တော့ ဒကာရော, ဆရာရော ခေါင်းချင်းရိုက်ပြီးတော့ လဲကြရော ဆိုကိုး၊ ဟုတ်ကဲ့လား။

## သဒ္ဓါအားကောင်းသော မယ်ဥတ္တရာ

အေး.... အဲဒီတော့ ရှင်သာရိပုတ္တရာက "မယ်ဥတ္တရာနေတဲ့ အိမ်ကို သွားပြီးတော့ ရပ်လို့ရှိရင် အိမ်ရှင်သူဌေးက ဦးသွားလိမ့်မယ်၊ သူဆွမ်းလှူရမှာ မဟုတ်ပေဘူး။ ဒီတော့ သူ့အိမ်သားကို ထမင်းပို့ချိန်ကလေး တိုင်အောင်တော့ စောင့်ဦးမှပဲ" ဆိုပြီးတော့ မျက်နှာသစ်, ပလုတ်ကျင်း, ပြီးတော့ အချိန်စောင်ပြီးတော့ နောက်မှ "အင်း ဒီအချိန့်ဖြင့် ထမင်းပို့ ထွက်လောက်ပြီ" ဆိုပြီးတော့ ကြွသွားတော့ လမ်းမှာ တွေ့ကြရော၊ လမ်းမှာတွေ့တော့ မယ်ဥတ္တရာ သဒ္ဓါတရားကောင်းလိုက်ပုံ ပြောဦး မယ်။

မှန်ပါ ဘုရား။

"အခါတစ်ပါးက ကိုယ်တော်ကြီးနဲ့ တွေ့တဲ့အခါ လှူစရာ မပါဘူး။ လှူစရာပါတဲ့အခါ ကိုယ်တော်ကြီးနဲ့ မဆုံမိဘူး။ အခုတော့ လှူစရာလည်းပါတယ်, ကိုယ်တော်ကြီးနဲ့လည်း ဆုံမိတယ်။ ဒီတစ်ခါ တော့ လှူမှပဲ"ဆိုပြီး ထမင်းအုပ်ကလေးချ, ထိုင်ပြီးတော့ ရှိခိုးပြီး "အလှူခံတော်မူပါဘုရား" ဆိုတော့ ရှင်သာရိပုတ္တရာကလည်း သပိတ်ဖွင့်ပေး, အိမ်ရှင်မကလည်း ထတဲ့ပြီးတော့ ထမင်းတောင်းကြီး ထဲက ထမင်းတွေထည့်, ဟင်းတွေထည့်, တစ်ဝက်လောက်ကျတော့ ရှင်သာရိပုတ္တရာက သပိတ် ပိတ်ထားတယ်။ "သူ့အိမ်သား စားပါစေ ဦး" ဆိုပြီးတော့။

ဘုန်းကြီးဆိုတာ အလိုက်သိပါတယ်, ဒကာမိုးရဲ့၊ ကြားရဲ့လား။

အလိုက်သိပါတယ် ဘုရား။

အင်း....အလိုက်သိပါတယ်, ဟုတ်လား၊ ဒီတော့ အိမ်ရှင်မက လျှောက်သတဲ့။ "အရှင်ဘုရား ကျွန်တစ်ဘဝအတွက် မငဲ့ပါနဲ့ ဘုရား.... သံသရာအထိ ကြည့်ပြီးတော့ ချီးမြှောက်တော်မူပါ၊ အကုန်လုံးပဲ လောင်းပါရစေ" ဆိုတော့ အဲဒီကျမှ သပိတ်ကို ပြန်ဖွင့် ပေးသတဲ့။ အကုန်လုံး အလှူခံတယ်၊ အကုန်လုံး အလှူခံပြီးတော့ လမ်းဘေးဆင်းပြီးတော့ မယ်ဥတ္တရာရဲ့ မျက်မှောက်တင်ပဲ ဘုဉ်းပေး တော် မူသတဲ့။

တင်ပ့ါ ဘုရား။

ဒီတော့ "ငါလှူတဲ့ ဆွမ်းတွေ ဘုဉ်းပေးပြီ"ဆိုပြီး ဝမ်းမြောက်

ဝမ်းသာနဲ့ ဝတ်ချ။ "အိမ်သားအတွက်ကလည်း ရှိသေးတယ်။ စီစဉ်ရဦးမယ်" ဆိုပြီးတော့ အိမ်သားအတွက်ကလည်း တော်တော်အရေးကြီးသေးတာကို၊ ဒီတော့ ပျာယီးပျာယာနဲ့ အိမ်ပြန်သွား, ရှိတာလေးနဲ့ပဲ ကြံဖန်ချက်ပြုတ်, အဲဒီလို ချက်ပြုတ်ပြီးမှ လာရတော့ အချိန်က တော်တော်ကလေး ဖင့်သွားတာပေါ့။ ဟိုလူက ဆာနေပြီ, ထွန်ထယ်ဖြုတ်ပြီးတော့ သူ့မိန်းမ ထမင်းပို့မယ့်လမ်း မျှော်ကြည့်နေတာတဲ့။ "လာချိန်သင့်ပြီ၊ ဘယ့်နှယ်ကြောင့် ဒီနေ့ နေမြင့်ပါလိမ့်, ဆာလိုက်တာ, အူထဲက တကြုတ်ကြုတ်နဲ့" ကြားလား။

တင်ပါ ဘုရား။

အဲဒါ ဟိုက ဉာဏ်ရှိသူမ မယ်ဥတ္တရာ ပျာယီးပျာယာနဲ့ ထမင်းအုပ်ကလေး ရွက်လာပြီးတော့ "ဩော်....ငါပထမပို့လာတုန်းက ရှင်သာရိပုတ္တရာနဲ့တွေ့လို့ လှူလိုက်တယ်, လှူလိုက်တာကို မသိလို့ နေမြင့်ရပါ့မလား ဆိုပြီးတော့ ငါ့ကြိမ်းလား, မောင်းလား, ရိုက်လား, နှက်လား, လုပ်ရင် ကုသိုလ်တွေ အလကား ဖြစ်ကုန်ရှာတော့မှာပဲ" တော်တော်ဉာဏ်ရှိတဲ့ အိမ်ရှင်မ၊ ကြားရဲ့လား။

တင်ပါ့ ဘုရား။

ဒီတော့ ဘာသောမပြောနဲ့ "စောစောက ကြိုတင်ပြီး လှမ်းပြောမှပဲ" ဆိုပြီးတော့ အနီးနား မရောက်ခင် "မောင်ရေ....ဒီနေ့ နေမြင့်သွားတယ်၊ ဆာနေလိမ့်မယ် ဆိုတာတော့ သိပါရဲ့, ဒါပေမယ်လို့ လမ်းမှာ ရှင်သာရိပုတ္တရာကိုယ်တော်ကြီးနဲ့တွေ့လို့ မောင်လည်း ကုသိုလ်ရ အောင်ဆိုပြီးတော့ မောင့်အတွက် ယူလာတဲ့ ထမင်းတွေ

ကျွန်မ လှူလိုက်တယ်, ဒုတိယအကြိမ် ပြန်ချက်ပြီးတော့ လာရလို့ နေမြင့်သွားတယ်, ထမင်းများ ဆာလှပလားပေါ့” ဟုတ်ပလား။

မှန်လှပါ ဘုရား။

အမယ် ဒကာမ အဆင်ပြေပြီဆိုရင် ဒကာဦးမိုးရေ....ကျွန်ကြီး ငနွား, ဘာဘဲလုပ်ရ လုပ်ရ ပင်ပန်းတယ်လို့ မထင်ဘူး။ ဟုတ်ရဲ့လား။

ဟုတ်ပါ ဘုရား။

အမယ်.... ဟုတ်ပါရဲ့တဲ့၊ သူ့ကိုယ်တွေ့နဲ့တူတယ်။ အဲ တစ်ချို့ အိမ်ရှင်မများ ပါးနပ်ပုံ ပြောဦးမယ်။ ကိုယ့်အိမ်သား တစ်ခြား ရပ်ဝေးက သို့မဟုတ် အလုပ်လုပ်ရာက ပြန်လာတယ်ဆိုရင် အိမ်သားက အထူး အရေးပေးပြီး အချစ်ဆုံးဖြစ်တဲ့ ကလေးလေးကို “ဟဲ့....နင့်ဖေဖေပြန်လာပြီ သွားကြိုချေလေ” ဆိုပြီးတော့ လွှတ်လိုက် သေးတာ ကြားလား။ ကလေးလေးက “ဖေဖေ ပြန်လာပြီလား” လို့ မပီကလာ ပီကလာ နဲ့ဆိုတော့ အို အမောပြေရော၊ ကြားလား ဒကာဦးမိုး။

တင်ပ့ါ ဘုရား။

## ကုသိုလ်အပေးအယူ လုပ်ကြပုံ

အခုလည်းပဲ ဘာသောမပြောနဲ့၊ လိမ္မာပါးနပ်စွာနဲ့ သာတောင့် သာယာ ဖြားဖြားယောင်းယောင်း ဆိုပြီးတော့ ပြောလိုက်တော့ မှန်တာလည်း ဖြစ်နေတော့ လင်ကဘာပြောသလဲ၊ “မင်းချည်း ကုသိုလ်ပြုတာ မဟုတ်ပါဘူးကွာ, ငါကလည်း ဒီက ရေနဲ့ ဒန်ပူ

ကပ်ရသေးတယ်” ဆိုပြီးတော့ အပေးအယူ လုပ်ကြသေးတာကိုး။
မှန်ပါ ဘုရား။

## ငှက်ဖြစ်တောင် တစ်ကိုင်းတည်း နားရအောင်

အပေးအယူဆိုတာ လုပ်ကြရတယ်, ကြားလား။ ဒကာမ လှူတာ ဒကာက သဘောမကျရင် ကုသိုလ်မရ၊ ဒကာလှူတာ ဒကာမ သဘောမကျရင် ကုသိုလ်မရ၊ နှစ်ဦးစုံ သဘောတူပြီးတော့ အပေး အယူ တူရတယ်နော်၊ ကြားရဲ့လား။ ဒါကြောင့် ကိုယ်က ရေစက်ချ ပေးတဲ့အခါ “သမသဒ္ဓါ-တူမျှသောသဒ္ဓါ ရှိကြကုန်သော၊ ဒီလိုကိုး၊ တပည့်တော်တို့ နှစ်ယောက် သဒ္ဓါ အတူတူပါပဲဘုရား” ဆိုတဲ့ အဓိပ္ပါယ်လေး ပါအောင်လို့ ရေစက်ချပေးတဲ့အခါ ဒီလို ထည့်ထည့် ပေးတယ်။

**သမသီလာ**-ညီမျှသော ကိုယ်ကျင့်သီလတရား ရှိကြပါကုန် သော၊ သီလလည်း အတူတူ ယူထားကြတာပါ ဘုရား။ ဒီလိုကိုး။

**သမစာဂါ**-တူမျှသော လှူဒါန်းစွန့်ကြဲမှု ရှိကြပါကုန်သော၊ လှူတာလည်း သဘောတူပါပဲ ဘုရားဆိုတဲ့ အဓိပ္ပါယ်မျိုး ဖြစ်အောင်လို့ ကြားလား၊ လှမောင်နဲ့သိန်းဌေး။

မှန်ပါ ဘုရား။

ဟုတ်ပြီ, ရှိစေကွာ၊

**သမပညာ**-တူမျှသော ကမ္မသကတာဉာဏ်ပညာ ရှိကြပါ ကုန်သော။ **မယံ**-ဘုရားတပည့်တော်တို့သည်။ ဆိုတော့ ဖြစ်လေရာ

ဘဝ နိဗ္ဗာန်အထိ စုံတွဲသွားရအောင်လို့ ကိုယ်က လုပ်လိုက်တာပဲ၊ သူတို့တွဲချင် မတွဲချင်တော့ ကိုယ်မသိဘူး၊ဟုတ်လား၊ ကိုင်း ရှိပစေ။

## ကျောင်းကခွေး ဗိုက်နမ်း

အေး....ဒီတော့ အခုလည်း ကုသိုလ်အပေးအယူ လုပ်နေကြတယ် အဲဒါက တစ်ယောက်နဲ့ တစ်ယောက် အမျှအတန်းပေး၊သာဓုခေါ်ပြီး ထမင်းတောင်းကလေးချ၊ ဘာသောမပြောနဲ့ နေမြင့်နေလို့ ဆာဆာနဲ့ စားလိုက်တာ၊ မြိန်လွန်းလို့ စားပိုးနင့်သွားတာပဲ၊စားပိုးနင့်တယ်လို့ ခေါ်ကြတယ်။

တင်ပါ့ ဘုရား။

အေး....ဘုန်းကြီးပြော ပြောတော့ “ကျောင်းကခွေး ဗိုက်နမ်းတယ်” တဲ့ ဆွမ်းစားက ပြန်လာလို့ရှိရင် ဘုန်းကြီးကျောင်းက ခွေးရှိသေးတာကိုး။ ဘုန်းကြီးဆွမ်းစားက ပြန်လာပြီဆိုတော့ အဲဒါ ဘယ်လောက် စားလာခဲ့တယ်ဆိုတာ မပြောနဲ့တော့၊ ခွေးကတောင် ဗိုက်နမ်းယူရတယ်ဆိုကိုး။

## ထယ်စာခဲအားလုံး ရွှေဖြစ်ကုန်ကြ

အခု လူတော့ စားပိုးနင့်တာနဲ့ မအီမသာရှိပြီးတော့ “ကွာ.... တစ်မှေးတော့ မှေးပါရစေဦး” ဆိုပြီးတော့ သူ့အိမ်ရှင်မ ပေါင်ပေါ် ခေါင်းတင်ပြီးတော့ မှေးခနဲအိပ်ပျော်သွား။ ဟာ ဘာသောမပြောနဲ့၊ အိပ်ရာက တစ်ရေးနိုးလို့ ကြည့်လိုက်တော့ တစ်မနက်ခင်းလုံး

ထွန်ထားတဲ့ ထယ်ခဲတွေ အဲဒီလယ်ထဲရှိတဲ့ မြေမှုန့်တွေ ဘာတွေ အကုန်လုံး ရွှေဖြစ်နေတာ။ ဒကာကြီးဦးမိုး မလိုချင်ဘူးလား။

လိုချင်ပါတယ် ဘုရား။

## ဘုန်းတော်ကြောင့် ပြည်သူပိုင်သိမ်းတော်မူပါ

အဲဒီတော့ "ဒီရွှေတွေကို ဗိမ္ဗိသာရဘုရင်မင်းတရား အသိမပေးဘဲ ငါမသုံးရဲဘူး၊ ဘာပဲဖြစ်ဖြစ် မင်းကိုဆက်သမှပဲ" ဆိုပြီးတော့ အဲဒါ "ရှင်မရေ....ငါတစ်မနက်ခင်းလုံး ထယ်ထိုးထားတဲ့ ထယ်ခဲတွေ ရွှေဖြစ်နေတယ်, ငါထင်တယ်, အိပ်ရာကထလို့ မျက်စေ့များ ဝေနေလို့လား မပြောတတ်ဘူး" "ကျွန်မလည်း ဒီအတိုင်းပဲ မြင်တယ်" "အေးကွာ ဟုတ်မဟုတ် စမ်းကြည့်ဦးမယ်" ဆိုပြီးတော့ ဆင်းသွားပြီးတော့ ထယ်ခဲတစ်ခုယူပြီးတော့ ထွန်တုံးနဲ့ ခေါက်ကြည့်လိုက်သေးတယ်။ ကျိုးကျသွားတော့လည်း ရွှေခဲတွေပဲတဲ့၊ "ဟာ.... ရှင်မရေ အကုန်လုံး ရွှေချည်း ဖြစ်နေပြီ တို့ ရှင်ဘုရင် အသိမပေးဘဲနဲ့ သုံးလို့တော့ မဖြစ်ဘူး။" "ဒါဖြင့် ဘယ်နှယ်လုပ်မလဲ၊" "ကိုင်း.... ရှင်မ စောင့်နေရစ်ခဲ့ဦးတော့, ငါတော့ နန်းတော်ထဲကို ရွှေတုံးယူသွားပြီးတော့ ဆက်သဦးမယ်" ဆိုပြီးတော့ ရှင်ဘုရင်ကြီးထံသွား, ရွှေတုံးဆက်၊ "ဘုန်းတော်ကြောင့် ကျွန်တော်မျိုး တစ်မနက်ခင်းလုံး ထယ်ထိုးထားတဲ့ လယ်ထဲက ထယ်ခဲတွေ အကုန်လုံး ရွှေဖြစ်နေပါတယ်၊ ကျွန်တော်မျိုးက ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကို ရေနွေးဒန်ပူ ဆက်ကပ်ရပါတယ် ဘုရား၊ ကျွန်တော်မျိုးရဲ့ အိမ်ရှင်မကတော့

ကျွန်တော်မျိုးအတွက် ထမင်းအုပ် ယူလာတာ အကုန်လုံး လှူလိုက်ရလို့ ကျွန်တော်မျိုး ယနေ့ပြုရတဲ့ ကုသိုလ်တွေ အကျိုးပေးလို့လား မသိဘူးဘုရား၊ တစ်မနက်ခင်းလုံး ထိုးထားတဲ့ လယ်ထဲက ထယ်ခဲတွေ အကုန်လုံး ရွှေဖြစ် နေပါတယ်။ အဲဒါ ဘုန်းတော်ကြောင့် သိမ်းတော်မူပါဘုရား"

"ပြည်သူပိုင် သိမ်းတော်မူပါဘုရား၊ ဘုရင်မင်းမြတ် အလိုတော်တိုင်း သုံးဆောင်တော်မူပါ"လို့ သွားအပ်တယ်၊ အပ်တော့ ရှင်ဘုရင်ကြီးက မင်းတို့ ကုသိုလ် ဒီကနေ့ ချက်ချင်း အကျိုးပေးတာနဲ့ တူတယ်၊ ခုနှစ်ရက်တောင် မဆိုင်းဘူး၊ မဟုတ်လား ခုနက အဋ္ဌကထာဆိုတာက....

**'ယံပန သတ္တဒိဝသဗ္ဘန္တရေ ဝိပါကံ ဒေတိ၊ တံ ပရိပက္ကဝေဒနိယံ နာမ'**

**ယံပန**-အကြင်ကုသိုလ် ကံသည်ကား။ (ဝါ) တစ်နည်းကား။ **ယံပန**-အကြင် အင်္ဂါလေးပါးနဲ့ ပြည့်စုံတဲ့ ပထမဇောကုသိုလ်ဟု ဆိုအပ်သော ကုသိုလ်စေတနာသည်ကား။ **သတ္တ ဒိဝသဗ္ဘန္တရေ**-ခုနှစ်ရက်အတွင်း၌။ **ဝိပါကံ**-အကျိုးကို။ **ဒေတိ**-ပေးတတ်၏။

အခု ခုနှစ်ရက်တောင် မဆိုင်းဘူး။ ချက်ချင်း အကျိုးပေးနေတယ်၊ ဟုတ်ရဲ့လား။

အကျိုးပေးနေပါ ဘုရား။

ချက်ချင်း နေ့ချင်း နာရီပိုင်းအတွင်း အကျိုးပေးတယ်။ အဲဒီ အကျိုးပေးတွေကို မယုံဘူးဆိုရင်တော့ အဲဒါ မတတ်နိုင်ဘူး။ မယုံတဲ့

လူရဲ့ ဂုံကြမ္မာပဲ၊ သနားစရာ ကောင်းလေစွဟုမှတ်၊ နော်။

တင်ပါ့ ဘုရား။

ကိုင်း....ရှိစေ။

အဲဒါနဲ့ နေပြီးတော့ ရှင်ဘုရင်ထံ သွားဆက်တော့ ရှင်ဘုရင်က "ငါကဘာလုပ်ရမှာတုန်း" "လှည်းပေါင်း တစ်ထောင်လောက် လွှတ်တော်မူပါဘုရား" ဆိုပြီးတော့ ဒါနဲ့ လှည်းတွေ လွှတ်လိုက် "သွား ရွှေတွေ သယ်ချေကြ၊နန်းရင်ပြင်မှာ ပုံထားကြ"။

## ရွှေက ရွှံ့တုံးဖြစ်

လှည်းသမားတွေ ကဲလိုက်ပုံ ပြောဦးမယ်။

တင်ပါ့ ဘုရား။

"ရှင်ဘုရင်ကြီးရဲ့ ရွှေတွေဟာ" ဆိုပြီးတော့ ကုန်းတဲ့, ကုန်းတဲ့ ကောက်, လှည်းပေါ်တင်, လှည်းပေါ်လည်းရောက်ရော, အကုန်လုံး ရွှံ့တုံးတွေ ပြန်ဖြစ်တာပဲတဲ့၊ ရွှံ့တုံးဖြစ်တော့ ဟိုက ရွှေပါဆိုပြီးတော့ နမူနာ ဆက်ပြီးတော့ သိမ်းတော်မူပါလို့ ပြောထားတာ ရွှံ့တုန်းတင် သွားရင် သင်းတို့ ရာဇဝတ်ပြစ်မှု မရောက်ပေဘူးလား။

ရောက်မှာပါ ဘုရား။

## ရွှံ့တုန်းမှ ရွှေဖြစ်ကြပြန်ပေ

ဒီတော့ကို ရွှေပါလို့ဆိုပြီးတော့ နမူနာနဲ့တကွ ဆက်ထားတဲ့ ဥစ္စာကို သူတို့ တိုက်လာတော့ ရွှံ့ခဲဖြစ်တယ်ဆိုရင် ဒီလှည်းသမားတွေ

ရာဇဝတ်ပြစ်မှု လွတ်ဦးမလား ဒကာမိုးရေ၊

မလွတ်ပါ ဘုရား။

မလွတ်ဘူး၊ ဒီတော့ မမောင်းဝံ့ဘူး၊ လှည်းကို ပြန်သွားရတယ်။ လူချည်းသက်သက် နန်းတော်ကို ပြန်သွားပြီးတော့ "ဘုန်းတော်ကြောင့် ရွှေခဲတွေက လှည်းပေါ်ရောက်တဲ့အချိန်မှာ ရွှံ့ခဲတွေချည်း ဖြစ်နေကြောင်းပါ ဘုရား" "ဟာခက်မှ ခက်ရလေကွာ၊ ငါ ဒီရွှေတုံးကြီး နမူနာရှိရက်သားနဲ့ မင်းတို့လက်ထဲရောက်မှ ရွှံ့ခဲတွေ ပြန်ဖြစ်ရ, မင်းတို့ ဘယ်နှယ်ပြောပြီး လှည်းပေါ် တင်ကြတုန်း၊" "ဘုရင်မင်းမြတ်ရဲ့ ရွှေတွေ ဆိုပြီးတော့ တင်ကြပါတယ်ဘုရား။"

"မှားကုန်ပြီဟေ့၊ မဟုတ်ဘူးဟ, သွားသွား.... မောင်ပုဏ္ဏာရဲ့ ရွှေတွေ ဆိုပြီးတော့ ပြန်တင်ကြ, ချပြီးတော့ ပြန်တင်ကြ" ဆိုတော့မှ လှည်းတွေပေါ်က အကုန်ပြန်ချ, ပြီးတော့မှ "မောင်ပုဏ္ဏာရဲ့ ရွှေတွေ မောင်ပုဏ္ဏာရဲ့ ရွှေတွေ" လို့ ဆိုပြီးတော့ တင်တော့မှ လှည်းပေါ် ရွှေတုံးအတိုင်း ပါသတဲ့ ဒကာမိုးရ၊

တင်ပါ့ ဘုရား။

## နံနက်ဆင်းရဲသား ညနေသူဌေးသား

ဒီတော့ ဘာသောမပြောနဲ့၊ ရွှေတွေတစ်ပုံကြီး မနည်းဘူး။ ဒီတော့ ရှင်ဘုရားကြီးက မေးသတဲ့၊ "ဟ ဒီ ရာဇဂြိုဟ်မြို့နှင့်တကွ နယ်ပယ်အတွင်းမှာ ဒီလောက် ရွှေများတဲ့ လူ ဘယ်သူရှိတုန်း" "ဘယ်သူမှ မရှိကြောင်းပါဘုရား" "ဒီကနေ့က စပြီးတော့ ရွှေသူဌေး

ရာထူး ငါ ခန့်အပ်သည်၊ ထီးဖြူတစ်လက်ဆောင်းစေ” ကြားရဲ့လား၊ ဒကာမိုး။

တင်ပါ့ ဘုရား။

ချက်ချင်း သူဌေးဖြစ်တယ်နော်။ ဆင်းရဲသားကို ချီးမြှောက်လိုက်တာချက်ချင်း သူဌေးဖြစ်တယ်နော်, ကြားရဲ့လား။

တင်ပါ့ ဘုရား။

တို့ သာသနာတော်မှာ သီတင်းသုံးတော်မူတဲ့ ဘုရားရဲ့ လက်ျာတော်ရံ ရှင်သာရိပုတ္တရာ ချီးမြှောက်လိုက်ပုံကတော့ ဘာသောမပြောနဲ့၊ ဒီကနေ့ နေ့ချင်းရွှေသူဌေးဖြစ်တယ်။ ထီးဖြူ ဆောင်းရတဲ့ ရွှေသူဌေး ဖြစ်တယ်။ ဒီလို မဟုတ်လား။

တင်ပါ့ ဘုရား

အေး ဒီကနေ့ ဆင်းရဲသားတွေတော့ ကိုယ်မပြောတတ်သေးဘူး စောင့်ကြည့်၊ ဟုတ်လား၊ ဟိုကလယ်သမားတော့ ရွှေသူဌေး ဖြစ်သွားပြီ၊ ကိုင်း ရှိပစေ၊

ဒီတော့ မောင်ပုဏ္ဏက “ရေမြေ့ရှင်ဘုရား....ဘုန်းတော်ကြောင့် ကျွန်တော်မျိုးမှာ သူများအိမ် နေရတဲ့ ပုဂ္ဂိုလ်ပါဘုရား၊ ဒီရွှေတွေ သိမ်းစရာလည်း မရှိသေးပါဘူး, နေစရာလည်း အိမ်မရှိသေးပါဘူး ဘုရား ဆိုတော့ “ဟေ့....ရှေးက သူဌေးအဆက်ဆက်တွေ နေသွားတဲ့ နေရာ ခြုံတွေ ဖြစ်နေတယ်, အဲဒီနေရာ မင်း ရှင်းပြီးတော့ နေတော့ဆိုတော့ တကတဲ များမကြာမီ ရက်အတောအတွင်း အိမ်ကြီးအဖြစ် ရှင်းလင်းပြီးတော့ အိမ်ဆောက်လိုက်တာ ကြားလား၊

ဒကာမိုးရဲ

တင်ပါ့ ဘုရား။

အိမ်ကြီးဖြစ်, ထီးဖြူတော်ဆောင်း, ထီးဖြူဆောင်းပြီးတော့ အိမ်တက်မင်္ဂလာလုပ်တဲ့နေ့, သူဌေးဘွဲ့ခံတဲ့နေ့, ချက်ချင်းတော့ မခံသေးဘူး။ အိမ်ကြီးဆောက်, ထီးဖြူဆောင်းပြီးတော့ သူဌေးဘွဲ့ ခံတာ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေ ပင့်ပြီးတော့ အဲဒီ ဆွမ်းတွေ ကွမ်းတွေ ကျွေးတာကို။

ဒကာမိုးရေ....ရှင်သာရိပုတ္တရာ လှူတာကတော့ သူဌေးဖြစ်ရုံ ရှိသေးတယ်ကြားလား။

တင်ပါ့ ဘုရား။

မြတ်စွာဘုရား အမှူးရှိတဲ့ သံဃာတော်တွေ ပင့်ပြီးတော့ ဆွမ်းကျွေးတဲ့နေ့ မြတ်စွာဘုရား ဟောတဲ့တရား နာရတော့ အိမ်သား လုပ်တဲ့ မောင်ပုဏ္ဏကလည်း သောတာပန်တည်, အိမ်ရှင်မ မယ်ဥတ္တရာလည်း သောတာပန်တည်။

## တရားဟောကောင်းလို့ ပြောင်းဖူးဖုတ် ရောင်းနေရ

ရှေးတုန်းက တို့ မမှီလိုက်ဘူး၊မန္တလေးမှာ ပေါ်ခဲ့ဖူးတဲ့ ငွေတောင် တိုက်က ဓမ္မကထိက ဦးသာဂရဆိုတာ ကြားဖူးရဲ့လား။

ကြားဖူးပါတယ် ဘုရား။

ကြားဖူးလိမ့်မယ်နော်။ နာတော့မနာဖူးဘူးထင်တယ်၊ ကိုယ်လည်း မမှီလိုက်ဘူး။ အဲဒီ ဦးသာဂရဟောတာတဲ့၊ ကိုယ်ပြော

ဦးမယ်၊ အဆင့်ဆင့်ပြောလို့ ကိုယ်လည်း မှတ်ထားတယ်။ သူက ဘယ်လိုဟောသလဲ၊

ဦးသာဂရ ကိုယ်တော်လေးဟောတဲ့ တရားကတော့ "လောက ဆန်သည်လို့ ပြောကြပြန်သည် ပြောကြပြန်သည်" အမယ်.... အဲလိုတဲ့ ဟုတ်လား။

တင်ပါ့ ဘုရား။

ဦးသာဂရ ကိုယ်တော်လေး ဟောတဲ့ တရားကိုတော့ "လောက ဆန်သည်လို့ ပြောကြပြန်သည်, ပြောကြပြန်သည်" ဟောတာလေး တွေ နာတဲ့ အခါကျတော့ "သောတာပန်တည်, သောတာပန်တည်" လို့ ဆိုသတဲ့။ ပြီးတော့ တရားဟောလည်း ကောင်းလိုက်တာတဲ့၊ ကြားရဲ့လား။

တင်ပါ့ ဘုရား။

အင်း တရားဟော ကောင်းလိုက်တာ၊ နောက်တော့ ဘာဖြစ် တုန်း ဆိုတော့ ပြောင်းဖူးဖုတ် ရောင်းရတဲ့ဘဝ ရောက်ကရောတဲ့၊ ငွေတောင်တိုက်က ဦးသာဂရတဲ့၊ ကြားရဲ့လား။ တို့တော့ အဲဒီလို ယည်း မကောင်းဘူး၊ ပြောင်းဖူးလည်း မဖုတ်ပါရစေနဲ့တော့ ကိုင်း ရှိပစေ၊

အဲဒီ ဘုရားအမျှရှိတဲ့ သံဃာတော်တွေ ပင့်ပြီးတော့ ဆွမ်းကျွေး တဲ့နေ့ တရားနာရတော့ သားအမိ သားအဖသုံးယောက်စလုံး သောတာပန် တည်ကြရော၊ ဒကာမိုးရေ၊ ဝတ္ထုက မပြီးသေးဘူး။

ဆုံးအောင် ချီးမြှောက်တော်မူပါ ဘုရား။

## ဘာသာကွဲမို့ သဘောမတူချင်

အဲဒီ ရာဇဂြိုဟ်သူဌေး....သူတို့ ခိုကိုးပြီး နေကြရတဲ့ ရာဇဂြိုဟ်သူဌေးက မောင်ပုဏ္ဏ သူဌေးဖြစ်တဲ့ အခါကျတော့မှ "မင်းသမီးနဲ့ ငါ့သား လက်ထက်ပါ" လို့ လာပြီးတော့ တောင်းသတဲ့။

ဂုဏ်က ရှိသွားတာကိုး ဘုရား။

ဂုဏ်က ရှိသွားပြီ ဟုတ်ရဲ့လား၊ ဂုဏ်ရှိရုံတင် မကသေးဘူးနော်။ လောကီဂုဏ်တွင် မကသေးဘူး။ လောကုတ္တရာဂုဏ် သောတာပန်တည်သွားပြီ။

တင်ပါ့ ဘုရား။

ဒီတော့မောင်ပုဏ္ဏက အဲဒီကျတော့ ကြေးကိုင်သတဲ့၊ "ကျွန်တော့်သမီးက သောတာပန်, ခင်ဗျားတို့က ရတနာသုံးပါး သာသနာတော်ကို ကိုးကွယ်တဲ့ ပုဂ္ဂိုလ်တွေ မဟုတ်ဘူး။ ဒါကြောင့် ခင်ဗျားတို့ဆီမှာ မှီခိုပြီးတော့ ကျွန်တော် အသက်မွေးရတာ မှန်၏။ ပြီးတော့ ကျွန်တော် အသက်မွေးရတာမှန်၏။ "ခင်ဗျားသားမိစ္ဆာဒိဋ္ဌိ ဖြစ်နေတဲ့ အတွက်ကြောင့် ကျွန်တော့် သမီးကို မပေးနိုင်ဘူး" ဆိုပြီးတော့ သူက ဇွတ်တင်း ခံနေသတဲ့။

တင်ပါ့ ဘုရား။

ဒီတော့ မြို့ထဲ ရွာထဲက မိတ်ဆွေသင်္ဂဟတွေက ဝိုင်းပြီးတော့ နားသွင်းကြသတဲ့၊ နားချကြသတဲ့၊ "မင်း မတော်ဘူးနော်၊ မတော်ဘူး။ မင်းတို့ သားအမိ သားအဖ သုံးယောက် ကာလအတန်ကြာအောင် ဒီသူဌေးကို မှီပြီးတော့ အသက်မွေးခဲ့ရတယ်၊ အခုမှ မင်း ဒီလို

ပြောတယ်ဆိုတာ မတော်ပေဘူး၊ ပေးသာ ပေးလိုက်ပါက္ကာ၊ သူ့ငွေ ချင်း ဆက်တာပေါ့" ဒီလိုကိုး၊ ဟုတ်ရဲ့လား။

ဘင်ပ့ါ ဘုရား။

ဒီတော့ ကိုင်း အများကလည်း ဝိုင်းပြောနေတာတောင် မပေး ဘူးဆိုရင် ငါ လူဆိုးဖြစ်ရော့မယ် ဆိုပြီး သမီးကလေး နားချပြီးတော့ ပေးလိုက်ကရော၊ ပေးလိုက်တော့၊

## ဆွမ်းတနပ်မှ မကျွေးရ

အိမ်ထောင် ပြုလိုက်တာက ဝါဆိုဦးတဲ့၊ ဝါတွင်းသုံးလရှိတယ် မဟုတ်လား၊ ဒကာမိုးရေ။

သုံးလပါ ဘုရား။

ဝါဆိုဦး ပထမလကုန်, ဒုတိယလကုန်, တတိယလဝက် ဆယ့်ငါးရက်ကုန်, နှစ်လခွဲကြာရော, နှစ်လခွဲကြာတော့ သမီးကလေး မယ်ဥတ္တရာက အဖေအမေများထံ စာရေးလိုက်သတဲ့၊ "ကျွန်မ ရှိသေစွာ အစီအရင်ခံပါသည် ကျေးဇူးရှင်မိဘများရှင့်" ဒီလိုကိုး။ ဒါက ကိုယ်ကပြောတာ ကြားရဲ့လား၊ စာရေးပုံတော့ စာရေးလိုက် တယ်လို့ စာက သာမန်ပြောတာပါပဲ၊ ဟုတ်ရဲ့လား၊ ဒါပေမယ့် သရုပ် ဆိုတာ ဖော်ရသေးတယ် ဒကာမိုးရ၊

တင်ပ့ါ ဘုရား။

ကျွန်မ ကျေးဇူးရှင် မိဘများထံ ရှိသေစွာ အစီရင်ခံ အပ်ပါသည် ရှင့် ပေါ့၊ ဟုတ်ရဲ့လား။ အင်း အသက်ခုနှစ်ဆယ်ကျော် ဘုန်းကြီးက

ရှင့် ပြောနေတာ ကြားရတော့ပေါ့။ "ပစ္စည်းမရှိခင် ဆင်းရဲတဲ့ ဘဝ တုန်းက အမေနဲ့ အဖေတို့ဟာ ကျွန်မကို အသက်တမျှ ချစ်တယ်လို့ ယုံကြည်ခဲ့မိတယ်။ အခု ပစ္စည်းရှိပြီးတော့ သူဌေးဘွဲ့ထူးကြီးရလို့ သူဌေးဖြစ်တော့မှ မချစ်လို့ မုန်းမုန်းသိရတယ်။ မိစ္ဆာဒိဋ္ဌိ သူဌေးသားနဲ့ ပေးစားလိုက်တဲ့ အတွက်ကြောင့် ကျွန်မ ကနေ့အထိ ဆွမ်းတစ်နပ်မှ မကျွေးရဘူး။ ကိုယ်တော် တစ်ပါးကိုမှ မဖူးရဘူး။ တရားတစ်လုံးမှ မနာရတဲ့ အခြေအနေ ရောက်နေပြီ၊ ကျွန်မကို အကျဉ်းထောင်ထဲကို ပို့လိုက်တာနဲ့ တူနေပါတယ်။ ဒီလိုဆိုရင် ကျွန်မကို တံဆိပ်ခတ်လို့ ကျွန်စာရင်းသွင်းပြီး ကျွန်အဖြစ်နဲ့ သူများ အပ်နှံလိုက်တာကမှ တော်သေး" လို့ ဆိုပြီးတော့ သမီးက စာနဲ့ ငိုချင်း ချလိုက်ရော၊ ကြားလား၊ ဒကာမိုးရေ၊

တင်ပါ့ ဘုရား။

စာနဲ့ ငိုချင်းချလိုက်တော့ မိဘများက စာလေးကို ကြည့်ပြီးတော့ "ဟုတ်ရှာမှာ....ငါ့သမီးကလေးက သောတာပန်, ဆွမ်းတစ်နပ်မှ မကျွေးရဘူး၊ ကိုယ်တော်တစ်ပါးမှ မဖူးရဘူး တရားတစ်လုံးမှ မနာ ရဘူးဆိုတော့ ဟုတ်လိမ့်မယ်၊ ငါလည်း စောစောက သဘောမတူ ဘူး။ အရပ်က ဝိုင်းပြီးပြောတော့ နားသွင်းကြလို့ ငါကလည်း သဘောတူလိုက်မိတယ်၊ သမီးကလေး ရေးတာ ဟုတ်လိမ့်မယ်".... ဆိုပြီးတော့ အမေနဲ့အဖေ ရင်တသပ်သပ်နဲ့ သမီးကလေးကို သနား နေကြတယ်၊ မိဘကို ဒကာမိုးရေ၊

တင်ပါ့ ဘုရား။

ဒကာမိုး ဒီလိုသာဆိုရင် သနားမှာပဲနော်။

သနားမှာပါ ဘုရား။

အေး....ကိုယ်လည်းပဲ သနားမှာပါပဲ။ အတူတူပေါ့၊ ကိုင်း ရှိစေ။

## အမျိုးသမီး ပြည်ကြီးပျော်ဖွယ်

ဒီတော့ အိမ်ကဖခင်ကြီး ဦးပုဏ္ဏက ဘယ့်နှယ်လုပ်သလဲ ဆိုတော့ သမီးထံ ငွေတစ်သောင်းနဲ့ ငါးထောင် လှမ်းပို့လိုက်တယ်။ အဲဒီ ငွေတစ်သောင်းငါးထောင်ကို ရာဇဂြိုဟ်မှာ အထင်အရှား 'နဂရသောဘိနီ' ခေါ်တဲ့ ပြည်ကြီးပျော်ဖွယ် ကြားရဲ့လား။ အမျိုးသမီး ပြည်ကြီးပျော်ဖွယ်ဆိုရင် ဒကာမိုး သိလောက်ပြီ ထင်တယ်။

သိပါပြီ ဘုရား။

သိပြီလား၊ ကဲ....မသိတဲ့ လူတွေကို နောက်မှ တိုးတိုး ပြောလိုက် ကြားလား၊ ကိုယ်ကတော့ အဲသလောက်ပဲ ပြောမယ်။ အဲဒါ သီရိမာ ဆိုတဲ့ အမျိုးသမီးရှိတယ်။ အဲဒီ အမျိုးသမီးကို မင်းအိမ်သားအတွက် တစ်နေ့လျှင် တစ်ထောင်ကျနဲ့ ကျန်သေးတဲ့ဝါတွင်း ဆယ့်ငါးရက် အတွက် ငွေတစ်သောင်းငါးထောင်ပေးလိုက်တယ်။ ဝါကျွတ်ဖို့ တစ်ဆယ့်ငါးရက် လိုသေးတာကိုး။

တင်ပ့ါ ဘုရား။

"အဲဒီ သီရိမာကို ငွေတစ်သောင်းငါးထောင်ပေး, အိမ်ခေါ် ပြီးတော့ အဲဒါ ကျွန်မ ညီမပါပဲ ဆိုပြီးတော့ မင်းယောက်ျားကို အပ်ထားလိုက်၊ ဝါတွင်း ဆယ့်ငါးရက် အခွင့်ယူပြီးတော့ မင်း

ကုသိုလ်ပြု, ဘုရားအမှူးရှိတဲ့ သံဃာတွေပင့်ပြီးတော့ မင်း ဆွမ်းကျွေး, တရားနာ," ဆိုပြီးတော့ အဖေကြီးက ငွေတစ်သောင်းငါးထောင် ပို့လိုက်သတဲ့ ဒကာမိုးရဲ

တင်ပ့ါ ဘုရား။

ပို့လိုက်တော့ အဖေကြီး ဦးပုဏ္ဏ ညွှန်ကြားချက် အတိုင်းပဲ၊ သမီးကလေးက သိရိမာသွားခေါ် "ငါ့ညီမရယ်.... ဆယ့်ငါးရက်ထဲပါ၊ တို့ အိမ်သားကို ပြုစုပေးပါ၊ တို့ အိမ်သားပြုစုရတဲ့အတွက်ကြောင့် တစ်ရက်လျှင်တစ်ထောင်နှုန်းနဲ့ ငွေတစ်သောင်းငါးထောင်လည်း ယူပါ ဆိုတော့ ဟိုကလည်း သဘောကျပေ့ါ၊ ဟုတ်လား။

တင်ပ့ါ ဘုရား။

လာပြီးတော့ ပြုစုနေ၊ ဒီတော့ နေ့စဉ်နေ့တိုင်း ဘုရားအမှူးထားတဲ့ သံဃာတော်တွေပင့် ဆွမ်းကျွေး၊ တကတဲ ဟင်း ဘယ်လိုချက်, ဘယ်သူကဘာလုပ်, ညာလုပ်, အမလေး မီးဖိုချောင် စီမံလိုက်တာ ချွေးတလုံးလုံးနဲ့ အားကိုမအားဘူးတဲ့၊ မယ်ဥတ္တရာ၊ ဒီတော့ ဘာသောမပြောနဲ့၊ သူ့အိမ်သားက သဘောမတူပြီဆိုရင် ဒကာမိုးရေ ဘယ်သူ ဘာလုပ်နေနေ ကုသိုလ်ရေး ဝါသနာမပါရင် ကျောပေးနေလိုက်တာပဲ၊ အိမ်သားက မိစ္ဆာဒိဋ္ဌိ ဖြစ်နေတော့ ကျောပေးနေလိုက်တာပဲတဲ့။ ဘာဆိုဘာမှ ပြန်မကြည့်ဘူး၊ သူ့ဟာသူ သူ့အာရုံနဲ့ သူ ပျော်နေတယ် ဆိုကြပါစို့။

တင်ပ့ါ ဘုရား။

ဒါနဲ့ ဒီလိုပျော်နေရာက ပြတင်းပေါက်ကနေ လှမ်းကြည့်တော့

ချွေးတလုံးလုံးနဲ့ အလုပ်များနေတဲ့ မယ်ဥတ္တရာကို လှမ်းမြင်တယ်။ "ဩော်....မယ်ဥတ္တရာ ဥတ္တရာ ငါလို သူဌေးသားအိမ် ရောက်လာရက်သားနဲ့ ကြည့်ပါဦး၊ ဒုက္ခခံပြီးတော့ အချည်းအနှီး အလဟဿ ဒီ သ မ ဏ ခေါင်းတုံးယုတ်တွေကို ကျွေးဖို့ သူကြိုးစားနေတယ်။ ချွေးတစ်လုံးလုံးနဲ့ ကြည့်စမ်း၊ လူနဲ့တောင် မတူဘူး။ ပင်ပန်းလိုက်တာ" သူကသာ ပင်ပန်းနေ၊ ဟိုကတော့ သူ့ကုသိုလ်ဇောနဲ့ ပျော်လို့ သိလား။ သူက အိမ်ပေါ်ကနေ ကြည့်ပြီးတော့ စိတ်ထဲက အောက်မေ့ပြီးတော့ ပြုံးလိုက်သတဲ့။

တင်ပ့ါ ဘုရား။

ပြုံးလိုက်တော့ ခုနက သီရိမာက မြင်တယ်၊ "မြင်တော့ ပြတင်းပေါက်ကနေ ကြည့်ပြီးတော့ ပြုံးတယ်။ ဘာပါလိမ့်မလဲ" လို့ ကြည့်လိုက်တော့ ခုနက မယ်ဥတ္တရာကို မြင်တာကိုး၊ ရက်ကလည်း တော်တော်ကြာသွားပြီ၊ ဆယ်ရက်ကလည်း ကျော်သွား၊ ကြားရဲ့လား။

တင်ပ့ါ ဘုရား။

ဆယ်ရက်က ကျော်သွားတော့ သီရိမာကလည်း အိမ်ရှင်မစိတ်ပေါက်နေပြီ၊ သူ့ကိုယ်သူ အိမ်ရှင်မလို့ ထင်နေပြီ၊

မှန်ပါ ဘုရား။

ညည့်သည်လို့ မထင်တော့ဘူး။ ဒီတော့ "ငါ့အိမ်သား ပြတင်းပေါက်ကနေ ကြည့်ပြီး ပြုံးတာ ဘာပါလိမ့်မလဲ" လို့ ဆိုပြီးတော့ ကြည့်လိုက်တော့ မယ်ဥတ္တရာကို မြင်တော့ "အင်း....သူ့ကြည့်ပြုံးတာ ဒါနဲ့ တူတယ်။ သူနဲ့ အကျွမ်းဝင်ပုံရတယ်" ဆိုပြီးတော့

ဒေါသတွေ ဖြစ်ပြီးတော့ ကျိုက်ကျိုက်ဆူနေတဲ့ ထောပတ်အိုးကြီးထဲက ထောပတ်တွေ ယောက်ချိုကြီးနဲ့ ခတ်ပြီး မယ်ဥတ္တရာအပေါ် သွားလောင်းတော့တာကိုး ဒကာမိုးရဲ၊ ပြုစုတာနော်၊ ဒကာမိုး ဟုတ်လား၊

တင်ပါ့ ဘုရား။

## ထောပတ်ဆူပွက် သကြန်ရေပက်သလို

ဒီတော့ မယ်ဥတ္တရာက ငါ့ကိုတော့ ထောပတ်နဲ့ လောင်းမယ်လို့ လာနေတယ်ဆိုပြီး ဒေါသစိတ် မထားဘူးတဲ့။ "ငါကုသိုလ်ပြုခွင့် ရတာဟာ သီရိမာကြောင့်ပဲ၊ ပြဟ္မာ့ပြည်နဲ့ ပထဝီမြေကြီးသည် ဝေးလှ၏။ ဒီလောက်ဝေးတဲ့ အတိုင်းအရှည်မက သီရိမာကျေးဇူးက ငါ့အပေါ် ကြီးမားလှချေ၏။ ဤ မဟာပထဝီမြေကြီးသည် ကြီးမားလှပေ၏။ ငါ့အပေါ်၌ရှိသော သီရိမာကျေးဇူးတို့နှင့် နှိုင်းစာသော်ကား အလွန်သေးငယ်လှချေ၏။ ငါ့ကိုသိုလ်ပြုခွင့်ရအောင် ဆောင်ရွက်ပေးတဲ့အတွက် ငါ့အပေါ် သိပ်ပြီးတော့ ကျေးဇူးကြီးမား ပါပေတယ်၊ သူ့အပေါ်မှာဖြင့် စိတ်မကွက်ဘဲ မေတ္တာထားတဲ့ အတွက်ကြောင့် သူလောင်းတဲ့ ထောပတ်တွေ ငါမပူပါစေသတည်း။" လို့ အဓိဋ္ဌါန် လိုက်တယ်။ ဒီအတိုင်း ငါမှန်တယ် ဆိုလို့ရှိရင် မပူပါစေသတည်း။ မမှန်ဘဲနဲ့ လိမ်ပြီးသစ္စာဆိုတာ ဖြစ်ခဲ့ရင် အပူ လောင်းပါစေသတည်း ဆိုတော့ ပထမတစ်ခွက် လောင်းလိုက်တယ်။ ထောပတ် ပူတော့နော် ကျိုက်ကျိုက် ဆူနေတာ။

မှန်ပါဘုရား။

အဲဒါ သကြန်ရေပက်သလောက်ပဲ ရှိတယ်တဲ့၊ ရိုးရိုးပြောပါရစေတော့၊ ဟုတ်ရဲ့လား။

မြင်လွယ်တာပေါ့ ဘုရား။

ဟာ ဟိုက ပြုံးလို့တဲ့၊ မယ်ဥတ္တရာ ဘာမှမဖြစ်ဘူး။ ဒါပေမယ့်လို့ ဥတ္တရာနဲ့ ဝိုင်းဝန်းပြီးတော့ လုပ်နေကြတဲ့ အစေအပါးတွေက မြင်ကြတော့ နောက်တစ်ခွက် ခပ်ပြီးတော့ လောင်းမယ်လို့ ကြံတုန်း အဲဒီ အမျိုးသမီးတွေက ပြေးလာပြီးတော့ သူ့ကို ဝိုင်းထောင်းလိုက် ထုလိုက်ကြတာတဲ့။ ကုတ်လိုက်, ဖဲ့လိုက်ကြတာတဲ့။ ဒီတော့ မယ်ဥတ္တရာက "ဟဲ့....မလုပ်ကြနဲ့" ဆိုပြီးတော့ သူ့အပေါ်က သွားပြီးတော့ ဝပ်နေသတဲ့၊ "ငါ့လုပ်ကြပါ, ငါ့ညှင်းဆဲကြပါ။ သူ့ မလုပ်ကြပါနဲ့၊ အဲဒါ ငါနဲ့ ညီအစ်မ တော်ပါတယ်" ဆိုပြီးတော့ သူက ဒီလိုကို လုပ်ပြီးတော့ ကာကွယ်တယ်။ ကာကွယ်တော့မှ အဲဒီ သူတို့ အရှင်မက အပေါ်ကမိုးထားတော့ မရိုက်သာ မနှက်သာကြတော့ ရှဲကုန်ကြရော၊ ရှဲကုန်ကြတော့ သူ့ကိုဆွဲထူ, ရေချိုးနဲ့သုံးသပ်, ဆီတို့ ဘာတို့နဲ့နယ်ပြီးတော့ ကျန်းမာအောင်လုပ်ပေးရ, ကျန်းမာရော ဟုတ်လား။

တင်ပါ့ ဘုရား။

## လောကုတ္တရာသခင် ကျေးဇူးရှင်

ရိုက်ထားနှက်ထားတဲ့ ဒဏ်ရာပြေသွားလို့ ကျန်းမာလာတော့

"အမကြီးရယ် ကျွန်မတော့ မှားပါပြီ၊ သည်းခံပါ" တဲ့ သူတောင်းပန်တယ်။ "အံမယ် တစ်ကောင်ကြွက်ထင်လို့လား" ဒီကျတော့မှ စျေးကိုင်တယ်၊ ကြားလား။ လူဆိုတာ ကိုယ့်ဘက်ရောက်လာရင် စျေးကိုင်မြဲ ထုံးစံ၊ "တစ်ကောင်ကြွက် ထင်လို့လား၊ ဒီလို တစ်ကိုယ်တည်း တောင်းပန်ရုံနဲ့ မကျေနပ်နိုင်ဘူး၊ ငါ့မှာ အဖေနဲ့ အမေနဲ့ နေတာ "ကျေးဇူးရှင် ဖခင်က ဘယ်သူတုန်း, ဦးပုဏ္ဏပဲ မဟုတ်လား" ဆိုတော့.... "မဟုတ်သေးဘူးတဲ့၊ ဒါ လောကီဖခင်တဲ့၊ ငါ့မှာ လောကုတ္တရာ ဖခင်ကြီးဖြစ်တဲ့ ကျေးဇူးရှင် မြတ်စွာဘုရား ရှိသေးတယ်။ အဲဒီ ဖခင်ကြီးကို ကျေနပ်အောင် ကန်တော့လို့ ကျေနပ်မှ ငါကျေနပ်မယ်" တဲ့။ "ဒါဖြင့် ကောင်းပါပြီ, အမကြီး ကျေနပ်သလို ခိုင်းပါ၊ ကျွန်မ ဆောင်ရွက်ပါ့မယ်" ဆိုတော့ ဟော နောက်ဆုံးနေ့ သီတင်းကျွတ်လပြည့်နေ့ဆိုတာ ဝါကျွတ်တာပဲ မဟုတ်လား။

တင်ပါ့ ဘုရား။

"သီတင်းကျွတ်လပြည့်နေ့မှာ အကြီးအကျယ် ကျွေးမွေးပြီးတော့ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို အဲဒါ နောက်ဆုံး ပူဇော်ခြင်းဖြင့် ပူဇော်မလို့ အဲဒီနေ့ကျတော့ အခြံအရံနှင့်တကွ လျှုဖွယ်တန်းဖွယ်တွေ ယူပြီးတော့ ရှင်လာခဲ့" ဆိုတော့ သီရိမာကလည်း ညံ့တဲ့ အမျိုးသမီး မဟုတ်ဘူး၊ သူ့မှာ အခြံအရံ ငါးရာရှိတယ်။

တင်ပါ့ ဘုရား။

အခြံအရံ ငါးရာနှင့်တကွ ဘာသောမပြောနဲ့၊ လျှုဖွယ်တန်းရာတွေ ယူလာပြီးတော့ ဥတ္တရာကို တောင်းပန်သကဲ၊ "အမကြီး..."

ကျွန်မ ဘုရားကိုလည်း တစ်ခါမှ မတွေ့ဖူးဘူး၊ အနားလည်း မကပ်ဝံ့ဘူး၊ ဒီတော့ ဒီ လှူဖွယ်တန်းဖွယ်တွေကို အမကြီးပဲ လှူပေးပါ”လို့ ဆိုတော့ ရောနှောပြီးတော့ အကုန်လုံးပဲ လှူပေးတယ်။ လှူလည်း ပြီးကြရော၊ ကြားလား။

တင်ပါ့ ဘုရား။

လှူပြီးတော့မှ “သီရိမာ လာ ဘုရားနား သွားရအောင်” ဆိုပြီးတော့ မယ်ဥတ္တရာက ခေါ်ပြီးတော့ ဘုရားအနား ချဉ်းကပ်၊ ‘ ‘ဟောဒါ.... သီရိမာ ခေါ်ပါတယ်ဘုရား၊ တပည့်တော် ကုသိုလ်ပြုခွင့်ရအောင်ဆိုပြီးတော့ တစ်ရက်တစ်ထောင်နှုန်းနဲ့ ဆယ့်ငါးရက်တိုင်တိုင် တပည့်တော်မ ကိုယ်စား အငှါးအိမ်ရှင်မ လုပ်ပေးခဲ့ပါတယ်ဘုရား။ အဲဒါ သူ့ကိုယ်သူ အိမ်ရှင်မထင်ပြီးတော့ အိမ်သူ စိတ်ဝင်ပြီးတော့ တပည့်တော်မကို ဒီလို သေကြောင်း ကြံပါတယ် ဘုရား။ သူ့ကို အိမ်က အစေအပါးတွေက ဝိုင်းပြီးတော့ ညှင်းပန်းနှိပ်စက်သတ်ဖြတ်မယ် လုပ်ကြတော့ တပည့်တော်မက ကယ်လိုက်ရပါတယ်ဘုရား။ သူလောင်းတဲ့ ထောပတ်အပူတွေကလည်း တပည့်တော်မကို မလောင်းပါဘူး။ မပူပါဘူး။ ဘယ်လို နှလုံးသွင်းလို့တုန်းဆိုတော့ သူက ခုနက အမိဋ္ဌါန်တာတွေကို ပြန်လျှောက်တယ်။

တင်ပါ့ ဘုရား။

အမိဋ္ဌာန်တာတွေကို ပြန်လျှောက်ပြီးတော့မှ အဲဒီမှာ ဘုရားက ဘာဟောသလဲ ဆိုတော့....

## အောင်မြင်ကြောင်းတရားလေးပါး

**အက္ကောဓေန ဇိနေ ကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ။**
**ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေ နာလိက ဝါဒိနံ။**

(ဝိမာန-ပါ-၆၂-နှာ)

**ကောဓံ**-ဒေါသအမျက် ချောင်းချောင်းထွက်နေတဲ့ ပုဂ္ဂိုလ်ကို။ **အက္ကောဓေန**-ဒေါသမထွက် မေတ္တာသက်သဖြင့်။ **ဇိနေ**-အောင်ရာ၏။ စိတ်ဆိုးတဲ့လူများ တွေ့ရင် ဒကာမိုးရေ မေတ္တာနဲ့သာ ခံထားကြရော့....ဟုတ်လား။

တင်ပါ့ ဘုရား။

**ကောဓံ**-ဒေါသအမျက် ချောင်းချောင်းထွက်၍နေတဲ့ ပုဂ္ဂိုလ်ကို။ **အက္ကောဓေန**-ဒေါသမဖက် မေတ္တာ သက်သဖြင့်။ **ဇိနေ**-အောင်ရာ၏။ နိုင်ချင်ရင် မေတ္တာလက်ကိုင် ထားရတယ် ကြားလား။

တင်ပါ့ ဘုရား။

**အသာဓုံ**-မသာမယာ, သူယုတ်မာ ဖြစ်တဲ့သူကို။ **သာဓုနာ** သာသာယာယာ, ညင်ညင်သာသာ, ပြောဆိုခြင်းဖြင့်။ **ဇိနေ**-အောင်နိုင်ရာ၏။

ကိုယ့် ဆဲဆိုပြီးတော့ မောင်းမဲနေတဲ့ ပုဂ္ဂိုလ်ကို ဒီက ညင်ညင်သာသာပြောနိုင်ရမယ် ဟုတ်လား။ **ကဒရိယံ**-နှမြော တွန့်တို၍နေတဲ့ ပုဂ္ဂိုလ်ကို။ **ဒါနေန**-မိမိဥစ္စာ ပေးသဖြင့်။ **ဇိနေ**-အောင်နိုင်ရာ၏။ ဒီလူ နှမြောတယ်ဆိုရင် ကိုယ်ကသာပေး, သူ့ကို ကိုယ်က နိုင်ရောတဲ့ ကြားလား။

**အလိကဝါဒိနံ**-ချွတ်ယွင်းဖောက်ပြန်, မမှန်သောစကား ပြောကြားတတ်တဲ့ ပုဂ္ဂိုလ်ကို။ **သစ္စေန**-မှန်သောစကားကို ပြောဆိုသဖြင့်။ **ဇိနေ**-အောင်နိုင်ရာ၏။ အနိုင်တရားလေးပါး မြတ်စွာဘုရားက ဟောလိုက်တယ်။ ဒီနေရာမှာ မေတ္တာမဟုတ်လား။ "ချစ်သမီးက မေတ္တာနဲ့ နိုင်ပေတယ်" ဆိုပြီးတော့ အဲဒီ တစ်ဂါထာ ဟောရတယ် ဒကာမိုးရေ....ဥတ္တရာရဲ့ ယောက္ခမကြီး အထီးရော, အမရော, အိမ်သားအကုန်လုံးပါ သောတာပန်တည်တယ်။ သီရိမာနှင့်တကွ သူ့နောက်လိုက်, နောက်ပါ, အခြံအရံ အမျိုးသမီးငါးရာ အကုန်လုံး သောတာပန် တည်တယ်။ အေး....ပြီးတော့မှ ဥတ္တရာ ကိုယ်တိုင်က ဘာဖြစ်တုန်း ဆိုတော့ သကဒါဂါမ် တည်ပါတယ်တဲ့။ မဂ်တစ်ဆင့် ဖိုလ်တစ်ဆင့် တက်သွားတယ်။ ဟုတ်ပလား။

တင်ပါ့ ဘုရား။

အဲဒါ ဘာတုန်းဆိုတော့ ပရိပက္ကဝေဒနိယကံ အကျိုးပေးပုံ အကျယ်ဝတ္ထုနော်။

ကိုင်း....တို့ တရား ပြန်နိဂုံးချုပ်ရအောင်။

"တံ ကုသလမ္ပိဟောတိ အကုလသမ္ပိ"

**တံ**-ထိုပရိပက္ကဝေဒနိယကံသည်။ **ကုလသမ္ပိ**-ကုသိုလ်သည်လည်း။ **ဟောတိ**-ဖြစ်၏။ **အကုသလမ္ပိ**-အကုသိုလ်သည်လည်း။ **ဟောတိ**-ဖြစ်၏။

အခု ရှင်သာရိပုတ္တရာကို အိမ်ရှင်ယောကျ်ား ဒန်ပူနဲ့ ရေလှူရလို့ အိမ်ရှင်မက ဆွမ်းလှူရလို့ နှစ်ဦးလုံး အကျိုးပေးတူလိုက်တဲ့ ဥစ္စာ

လောကီသူဌေးဖြစ်ရုံတွင် မကဘူး။ လောကုတ္တရာသူဌေး သောတာပန် ဖြစ်တယ်မဟုတ်လား။

ဖြစ်ပါ ဘုရား။

ဖြစ်ကရော, သမီးဥတ္တရာကို အကြောင်းပြုပြီးတော့ သိရိမာနှင့် တကွ အခြံအရံငါးရာ သောတာပန်တည်တယ်, သူကိုယ်တိုင် ကတော့ သကဒါဂါမ်, ဟုတ်ပလား, ဒကာမိုး၊

တင်ပါ့ ဘုရား။

## အကုသိုလ် ချက်ချင်းအကျိုးပေးပုံ

ကိုင်း....ဒါဖြင့်ရင် အကုသိုလ်ကံနဲ့ ပတ်သက်လို့ ဒီပရိပက္ကဝေဒနိယကံက ဘယ်လို အကျိုးဆိုးပေးသလဲ၊ ဒီရှင်သာရိပုတ္တရာနဲ့ စပ်လျဉ်းလို့ပဲ ပြောကြဦးစို့၊ ဒီကိုယ်တော်ကြီးပဲ ခေါင်းက ရိတ်ထားလိုက်တာပြောင်လို့, လကလည်း လပြည့်နေ့ကြီး, အဲဒီ ရာဇဂြိုဟ် ပြည်နားမှာ သီတင်းသုံးရာဖြစ်တဲ့ ကျောင်းတိုက်နေပြီးတော့ သူက လွင်တီးခေါင် လေဟာပြင်ပေါ့, ဟုတ်လား။

တင်ပါ့ ဘုရား။

လွင်တီးခေါင် အဗ္ဘောကာသိကဓူတင် ဆောက်တည်ပြီးတော့ နိရောဓသမာပတ် ဝင်စားပြီးတော့ နေတာ၊ ခေါင်းကပြောင်ပြောင်, လရောင်ကလည်း ထိုးတော့ ခေါင်းဘယ့်နှယ် နေပါ့မလဲ၊ ဖိတ်ဖိတ်,ဖိတ်ဖိတ်နဲ့ နေတာပေါ့။ ဘာသောမပြောနဲ့၊ နန္ဒဆိုတဲ့ ဘီလူးနဲ့ သူရဲ့ အဖော် ဘီလူးတစ်ယောက်နဲ့ လျှောက်လာကြတာ၊

နန္ဒက တင်းပုတ်ကြီး ထမ်းလို့ သံတင်းပုတ်ကြီး, ရိုးရိုးသစ်သား တင်းပုတ် မဟုတ်ဘူး။ ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီး ခေါင်းပြောင် နေတာ မြင်တော့ သူက ထုချင်လိုက်တာတဲ့၊ ဒီတော့ သူ့သူငယ်ချင်း ကို တိုင်ပင်သတဲ့၊ "သူငယ်ချင်းရေ....ငါတော့ ဟောဒီ ခေါင်းကို ထုချင်ပြီကွာ၊ ခေါင်းကလည်း ပြောင်ပြောင်, လရောင်နဲ့ တောက်နေ တာ, ဒီသံတူနဲ့ ထုလိုက်ရရင် ဘယ်နှယ်နေမလဲ မဆိုနိုင်ဘူး။ ငါထုချင်တယ်ကွာ, ငါရင်ထဲကကို အလိပ်လိပ် ဖြစ်လာတယ်။ ထုချင် လိုက်တာ ကြာလား၊ ဒကာမိုး။

တင်ပါ့ ဘုရား။

"ဒီတော့ မလုပ်နဲ့ သူငယ်ချင်း" တစ်ကြိမ် တားမရ, နှစ်ကြိမ် တားမရ, သုံးကြိမ်အထိ တားတော့ တားမရဘူး။ သူက ထုချင်နေ တယ် ဆိုပြန်တော့ "ကိုင်းမင်းနဲ့ငါ သဘောမတူဘူးနော်၊ ငါနှစ်ကြိမ် တိတိ မင်းကို တားတယ်၊ သုံးကြိမ်မြောက်လည်း မင်း တားမရဘူး။ မင်းသဘောနဲ့မင်း မင်းနဲ့ငါ အတူတူမသွားဘူး" ဆိုပြီးတော့ အဲဒါ သမ္မာဒေဝဘီလူးက ခွဲထွက်သွားရော သူကတော့ ဘာသော မပြောနဲ့ သူ့စိတ်နဲ့သူပေါ့ ဟုတ်လား၊ ထုလိုက်တာ ခေါင်းကို အဲဒီ သံတူကြီးနဲ့ ထုလည်းထုလိုက်ရော အမလေးပူလိုက်တာ, ပူလိုက်တာ, ဆိုပြီးတော့ ချက်ချင်း မြေမျိုရော ကနေ့အထိ အဝီစိမှာ ရှိသတဲ့။

ဒါ့ကြောင့် ကုသိုလ်ကံမှာ ပရိပက္ကဝေဒနိယကံ ရှိသလို အကုသိုလ် ကံမှာလည်း ပရိပက္ကဝေဒနိယကံ ရှိတာပါပဲ။ အဲဒီလို အပြန်အလှန် အကျိုးပေးပါတယ်တဲ့၊ ဟုတ်ပြီးလား။

ကိုင်း....ဒါကြောင့် အလှူပေးနေကြတဲ့ တို့ ဒကာ ဒကာမတွေ ပထမအရွယ်တုန်းကလည်း ပေးခဲ့ကြလှုပြီ၊ ဒုတိယအရွယ်မှာလည်း ပေးခဲ့ကြလှုပြီ၊ တတိယအရွယ်မှာလည်း ပေးနေကြပြီ၊ အဲဒီ အလှူပေးရုံတင် မကဘူး။ သီတင်းသီလလည်း ဆောက်တည်ကြ တယ်။ သီတင်းသီလ ဆောက်တည်ရုံတင် မကဘူး၊ ဘာဝနာလုပ် ငန်းကိုလည်း ထိုက်သင့်သည် အားလျော်စွာ ကြိုးပမ်းအားထုတ် ကြတယ်။ ဒီလိုမဟုတ်လား။

တင်ပါ့ ဘုရား။

## တရားနိဂုံး အဆုံးသတ်ပြီ

အဲဒီလို မိမိတို့ အားထုတ်ကြတဲ့ ပထမအရွယ်တုန်းက ပထမ ဇောစေတနာဆိုတဲ့ ဒိဋ္ဌဓမ္မဝေဒနီယကံသည် ပထမအရွယ်တုန်းက အကျိုးမပေးခဲ့လျှင် ဒုတိယအရွယ်မှာ အကျိုးပေးပါလိမ့်မယ်၊ ဒုတိယ အရွယ်မှာ အကျိုးမပေးလျှင် တတိယအရွယ်မှာ အကျိုးပေးပါ လိမ့်မယ်။

ဒုတိယအရွယ်တုန်းက အားထုတ်ခဲ့တဲ့ ပထမဇောကုသိုလ် စေတနာတို့သည် ဒုတိယအရွယ်မှာ အကျိုးပေးပါလိမ့်မယ်။ ဒုတိယ အရွယ်မှာ အကျိုးမပေးသေးလျှင် တတိယအရွယ်မှာ အကျိုးပေး ပါလိမ့်မယ်၊ တတိယအရွယ်မှာ အားထုတ်ခဲ့သော ပထမဇော ကုသိုလ်စေတနာတို့သည် တတိယအရွယ်မှာပင်လျှင် အကျိုးပေး ပါလိမ့်မယ်။ ဒီလိုမဟုတ်လား။

အဲဒါကြောင့် ဒိဋ္ဌဓမ္မအကျိုးနဲ့ အနာဂတ် အကျိုးနှစ်ခုတွင် ဒိဋ္ဌဓမ္မအကျိုးကို လိုလားပါတယ်ဆိုတဲ့ ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့သည် ယခုနေ့ည ဟောအပ်ပြီးသော ဒိဋ္ဌဓမ္မ ဝေဒနီယကံနဲ့ ပရိပက္ကဝေဒနီယကံကို ဓမ္မကေန်ဒိဋ္ဌ သန္နိဋ္ဌာန် ချပြီးတော့ ယုံကြည်စိုက်စိုက် နှလုံးပိုက်ကြကုန်သည်ဖြစ်၍ ကုသိုလ်ပြုရမယ့် အရေး အရာကို နောဟ်မတွန့်ဘဲ ဆတက်ထမ်းပိုး တိုး၍ ပြုနိုင်ကြ ပါစေကုန်သတည်း။ ဟုတ်ပလား....ဆတက်ထမ်းပိုးတိုး၍ ပြုနိုင် ကြကုန်သည် ဖြစ်၍ ဤဘဝ၌ပင်လျှင် မိမိတို့ လိုလားတဲ့ မဂ်တရား ဖိုလ်တရားနဲ့ နိဗ္ဗာန်တရားကို မျက်မှောက်ပြုနိုင်ကြပါစေ။

ဤဘဝ၌ ပါရမီနု၍ မျက်မှောက်မပြုနိုင်ကြသေးသည်ရှိသော် ဒုတိယ, တတိယ စသောဘဝတို့၌ မျက်မှောက်ပြုနိုင်ကြပါစေ.... သို့နှင့်မျှ ပါရမီနု၍ မပြုနိုင်ကြသေးသည်ရှိသော် အရိမေတ္တယျ မြတ်စွာဘုရား သာသနာတော် နောက်ဆုံးထား၍ နိဗ္ဗာန်ကို အသီးသီး အသက, အသက ဝင်စံနိုင်တဲ့ ပုဂ္ဂိုလ်များ ဖြစ်ကြပါစေ ကုန်သတည်း....ဖြစ်ရပါလိုကုန်သော ဟူ၍ပတ္ထနာဆု ပြုကြစေကုန် သတည်း။

သာဓု....သာဓု....သာဓုပါ ဘုရား

ကိုင်း....တို့သစ္စာတိုင်လေး ရွတ်ချင်သေးတယ် ဒကာမိုးရေ.... ရွတ်ပါဘုရား။

## သစ္စာတိုင် ဂါထာများ

ဒတွာဝ ဒါတဗ္ဗံ ဒါနံ၊ သီလံ ပူရေတွာ အသေသတော။
နေက္ခမေ ပါရမိံ ဂန္တွာ၊ ပတ္တော သမ္ဗောဓိ မုတ္တမံ။

ပဏ္ဍိတေ ပရိပုစ္ဆိတွာ၊ ဝီရိယံ ကတွာန မုတ္တမံ။
ခန္တိယာ ပရမိံ ဂန္တွာ၊ ပတ္တော သမ္ဗောဓိ မုတ္တမံ။

ကတွာ ဒဠှ မဓိဋ္ဌာနံ၊ သစ္စဝါစာ နုရက္ခိယ။
မေတ္တာယ ပါရမိံ ဂန္တွာ၊ ပတ္တော သမ္ဗောဓိ မုတ္တမံ။

လာဘာ လာဘေ ယသာ ယသေ၊ သံမာန နာဝမာနနေ။
သဗ္ဗတ္ထ သာမကောဟုတွာ၊ ပတ္တော သမ္ဗောဓိ မုတ္တမံ။

ဧတေန သစ္စဝဇ္ဇေန၊ ဟောတုံ ဝေါ ဇယမင်္ဂလံ။
ဟောတုံ ဝေါ အာယု ဝဍ္ဎနံ၊ ဟောတုံ ဝေါ သုခဝဍ္ဎနံ။

ဒါတဗ္ဗံ-လှူသင့်လှူထိုက်သော။ ဒါနံ-အလှူမျိုး မှန်သမျှကို။ ဒတွာ-ပေးလှူခဲ့သည် ဖြစ်၍သာလျှင်။ (ဝါ) ပေးလှူခဲ့တော် မူခဲ့သည်၏ အဖြစ်ကြောင့်သာလျှင်။ သီလံ-သီလပါရမီတော်မြတ်ကို။ အသေသတော-အကြွင်းအကျန် မရှိသောအားဖြင့်။ ပူရေတွာ-ဖြည့်ကျင့် ဆည်းပူးတော် မူခဲ့သောကြောင့်။ နေက္ခမ္မေ-သားစွန့်, မယားစွန့်, တိုင်းစွန့်, ပြည်စွန့်, တောထွက်ခြင်းဟု ဆိုအပ်သော နေက္ခမ္မပါရမီတော်၌။ ပါရမိံဂန္တွာ-အထွဋ်အထိပ်သို့ ရောက်သည်ဖြစ်

၍။ (ဝါ) အထွဋ်အထိပ်သို့ရောက်တော်မူသောကြောင့်။ **တထာဂတော**-ရှေးဘုရားတို့ကဲ့သို့ လာခြင်း ကောင်းတော်မူသော တို့ ကျေးဇူးရှင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ **ဥတ္တမံ**-မြတ်လှစွာသော။ **သမ္ဗောဓိံ**-အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်မြတ်ကြီးကို။ **ပတ္တော**-ကောင်းစွာမသွေ ရ, ရောက်တော်မူပါပေပြီ။

**ပဏ္ဍိတေ**-ကျိုးကြောင်း သိမြင်, သမဏ, ဗြာဟ္မဏဟု ဆိုအပ်သော ပညာရှင်တို့ကို။ **ပရိပုစ္ဆိတွာ**-ကုသိုလ်, အကုသိုလ်တရားစသည်များကို မေးမြန် လျှောက်ထားခဲ့သည်ဖြစ်၍ (ဝါ) မေးမြန်းလျှောက်ထား ခဲ့သောကြောင့်။ ဥတ္တမံ-မြတ်လှစွာသော။ **ဝီရိယံ**-ဝီရိယပါရမီတော်ကို။ **ကတွာ**၊ ဖြည့်ကျင့် ဆည်းပူးတော် မူခဲ့သည်ဖြစ်၍။(ဝါ) ဖြည့်ကျင့်တော်မူခဲ့သောကြောင့်။ **ခန္တိယာ**-သည်းခံခြင်းတည်းဟူသော ခန္တီပါရမီတော်၏။ **ပါရမိံ ဂန္တွာ**-အထွဋ်အထိပ်သို့ ရောက်တော်မူသည်ဖြစ်၍။ (ဝါ) အထွဋ်အထိပ်သို့ ရောက်တော်မူခဲ့သောကြောင့်။ **တထာဂတော**-ရှေးဘုရားတို့ကဲ့သို့ လာခြင်း ကောင်းတော်မူသော တို့ ကျေးဇူးရှင် ကိုယ်တော်မြတ်ကြီးသည်။ ဥတ္တမံ-မြတ်လှစွာသော။ **သမ္ဗောဓိံ**-အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်မြတ်ကို။ **ပတ္တော**-ကောင်းစွာမသွေ ရ, ရောက်တော်မူခဲ့ပါပေပြီ။

**ဒဠှံ**-မြဲမြံလှစွာသော။ **အဓိဋ္ဌာနံ**-အဓိဋ္ဌာန် ပါရမီတော်ကို။ **ကတွာ**-ဖြည့်ကျင့် ဆည်းပူးတော်မူခဲ့သည် ဖြစ်၍။ **သစ္စဝါစာ, နုရက္ခိယ**-မှန်သောစကားကို ပြောကြားခြင်းဟု ဆိုအပ်သော သစ္စာ

ပါရမီတော်ကို စောင့်ထိန်းတော်မူခဲ့သည်ဖြစ်၍။ **မေတ္တာယ**-မိမိမှ တစ်ပါး, အခြားသော သတ္တဝါ၏ အကျိုးတရားကို လိုလားတော်မူသော မေတ္တာပါရမီတော်၏။ **ပါရမိဂ္ဂန္တွာ**-အထွဋ်အထိပ်သို့ ရောက်တော်မူသည်ဖြစ်၍။ **ဥတ္တမံ**-မြတ်လှစွာသော။ **သမ္ဗောဓိံ**-အရဟတ္တ မဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်မြတ်ကို။ **ပတ္တော**-ကောင်းစွာမသွေ ရ, ရောက်တော်မူပါပေပြီ။

**လာဘာ လာဘေ**-လာဘ်လာဘ ပေါများခြင်း, ရှားပါးခြင်းဟု ဆိုအပ်သော လာဘ အလာဘ လောကဓံတရား၌လည်းကောင်း။ **ယသာ, ယသေ**-အခြံအရံ ရှိမှု, မရှိမှု ဟု ဆိုအပ်သော ယသ, အယသ, လောကဓံတရား၌ လည်းကောင်း။ **သံမာန, နာဝ မာနနေ**-ချစ်ခြင်း, မုန်းခြင်းဟု ဆိုအပ်သော လောကဓံတရား၌လည်းကောင်း။ **သဗ္ဗတ္ထ**-အလုံးစုံသော လောကဓံတရား မှန်သမျှတို့၌။ **သမကော ဟုတွာ**-ညီညီမျှမျှ ဖြည့်ကျင့်တော်မူခဲ့သည်ဖြစ်၍ (ဝါ) ညီညီမျှမျှ ဖြည့်ကျင့်တော်မူသော တို့ ကျေးဇူးရှင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ **ဥတ္တမံ**-မြတ်လှစွာသော။ **သမ္ဗောဓိံ**-အရဟတ္တ မဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်မြတ်သို့။ **ပတ္တော**-ကောင်းစွာမသွေ ရ, ရောက်တော်မူပါပေပြီ။

**ဧတေနသစ္စဝဇ္ဇေန**-ဤသို့နှုတ်သံ, ဖေါ်ထုတ်ပြန်၍, ဟုတ်မှန်သော သစ္စာစကားကို ပြောကြား ရလေသောကြောင့်။ **ဝေါ တုမှာကံ**-တရားချစ်ခင်, စိတ်ကောင်းဝင်သည့်, သင် သူတော်စင် ပရိသတ်တို့၏။ **အာယုဝဍ္ဎနံ**-အနာမဲ့ကင်း, အသက်၏ တိုးပွါးခြင်းသည်။

**ဟောတံ, ဟောတု**-မုချမသွေ ဖြစ်ပါစေသတည်း။ ဝေါ တုမှာကံ-တရားချစ်ခင်, စိတ်ကောင်းဝင်သည့် သင်, သူတော်စင် ပရိသတ်တို့၏။ **သုခဝမှုန်**-ကိုယ်စိတ်နှစ်ဖြာ, ချမ်းသာအမျိုးမျိုး ပွါးတိုးကြုံခြင်းသည်။ **ဟောတံ, ဟောတု**-ကိုယ်စီကိုယ်ငှ မုချမသွေ ဖြစ်ပါစေသတည်း။

သာဓု....သာဓု....သာဓုပါ ဘုရား

# ဥတ္တရာဝိမာန တရားတော်

# ပြီး၏။

နိုင်ငံတော်အစိုးရ

ပထမပြန် အရှင်ကောင်းတို့အတွက်လည်းကောင်း

နိကာယ်တန်းဝင် အရှင်ကောင်းတို့အတွက်လည်းကောင်း

စာပေဝါသနာရှင် ရောင်းရင်းများအတွက်လည်းကောင်း

စစ်ကိုင်းတောင်ရိုး အနီးစခန်းချောင်

အရှင်ဇနကပဏ္ဍိတ (ဓမ္မာစရိယ + ဝိနယဝိဒူ)

(စခန်းနွယ်) စာစုငယ်–မှ

အောက်ပါစာအုပ်များ ထွက်ရှိပါတော့မည်။

၁။ နာမ်ဂိုဏ်းစဉ် ရုပ်တွက်စုံ (ထွက်ပြီး)

၂။ ဂိုဏ်းစဉ်များ ရုပ်တွက်စုံ (စီစဉ်ဆဲ)

၃။ ပဒသမ္ဗန္ဓာဒိဒသကျမ်း

၄။ မဟာဝါပါဠိတော် (နိကာယ်)

၅။ စာဆိုတော်ဦးကြီး အတ္ထုပ္ပတ္တိ

၆။ တောင်ကြားရွာသမိုင်း ....တို့နှင့်

အခြားသော စာစုငယ်များ.......................

စခန်းနွယ်

# ဓမ္မဒါန အလှူရှင်စာရင်း

၁။ နေမင်းဆေးလိပ်ခုံပိုင်ရှင် ဒေါ်တင်တင်အား ရည်စူး၍ ဦးသောင်းစိန်၊ ဦးအောင်သန်းဦး၊ မတင်တင်မြ၊ မအေးအေးသန်း၊ မတင်တင်မေ မန္တလေးမြို့။ ၃၀၀၀၀ိ/-

၂။ ဦးမောင်ကို+ဒေါ်စိန်စိန် (သမီး) မခင်လှလှ၊ (သား) မောင်မျိုးခင် (စိန်လဘက်) မန္တလေးမြို့။ ၂၀၀၀၀ိ/-

၃။ ခေမေသကချောင်၊ ချောင်ဆရာကြီး ဒေါ်ဈာနဝတီနှင့် တပည့်များ စစ်ကိုင်းတောင်ရိုး။ ၁၄၅၀၀ိ/-

၄။ ဦးပညာသာမိ (ဥဘတောဝိဘင်္ဂရေ ဓမ္မာစရိယ) ရွှေစား ကျောင်းတိုက်၊ မန္တလေးမြို့။ ၅၀၀၀ိ/-

၅။ အရှင်ဣန္ဒက (နည်းလှည့်ဓမ္မကထိက ဆရာတော်) ညောင်ကန်တိုက်၊ ဓမ္မမာမကကျောင်း၊ မန္တလးမြို့ ၅၀၀၀ိ/-

၆။ အရှင်အာစာရာလင်္ကာရ (စစ်ကိုင်းရွှေဟင်္သာ) ၃၅၀၀ိ/-
ဤစာအုပ်၏ မျက်နှာဖုံး ပန်းချီဆွဲခတန်ဘိုး

၇။ ဦးပညာသိရီ အတိသာရကျောင်း ဆရာတော်၊ မုံရွာမြို့။
၃၀၀၀ိ/-

၈။ ဦးပညာဇောတ (မြို့နယ်သံဃနာယက အကျိုးတော်ဆောင်) ယင်းမာပင်မြို့နယ် ရွာထောင်ရွာ။ ၃၀၀၀ိ/-

၉။ ဒေါ်ကုလပတိ (ဓမ္မာစရိယ) သမိဒ္ဓေါချောင် စစ်ကိုင်းမြို့။
၃၀၀၀ိ/-

၁၀။ မတိက္ခဉာဏ် (ဓမ္မာစရိယ)နှင့် (ညီမ) မစန္ဒာရီ တြိရတနာချောင်၊ စစ်ကိုင်းတောင်။ ၃၀၀ဝိ/-

၁၁။ ဒေါ်သစ်ဝတီ (ဓမ္မာစရိယ) ဒေါ်စာလာထေရီ ခေမေသကချောင်၊ စစ်ကိုင်းမြို့။ ၃၀၀ဝိ/-

၁၂။ ဒေါ်ခင်သီ အမှူးထား၍ ဦးလှသောင်း+ဒေါ်စန်းစန်းမြင့် (လျှပ်စစ်ပြုပြင်ရေး) မန္တလေးမြို့။ ၃၀၀ဝိ/-

၁၃။ ဇေယျာသီရိဆရာတော် စိန်ပန်း၊ မန္တလေးမြို့။ ၂၂၀ဝိ/-

၁၄။ ဇိနောဒယဆရာတော်၊ စစ်ကိုင်းမြို့။ ၂၀၀ဝိ/-

၁၅။ သီတဂူအရှင်ပညာနန္ဒ (ဓမ္မကထိက) စစ်ကိုင်းမြို့။ ၂၀၀ဝိ/-

၁၆။ ဝေဠုဝန်ဆရာတော်၊ စစ်ကိုင်းမြို့။ ၂၀၀ဝိ/-

၁၇။ ကိုသန်းဆင့်+မစန်းစန်းနွယ် (တောင်ကြားပွဲရုံ) စစ်ကိုင်းမြို့။ ၂၀၀ဝိ/-

၁၈။ ဦးတင်မြင့်+ ဒေါ်တီတီခင် ချင်းစုရပ်၊ စစ်ကိုင်း။ ၁၅၀ဝိ/-

## ငွေကျပ်တစ်ထောင်အလှူရှင်များ စာရင်း

၁၉။ အရှင်ကောသလ္လ သလ္လာဝတီချောင်၊ စစ်ကိုင်းမြို့

၂၀။ ပထမဇေတဝန်ဆရာတော်၊ စစ်ကိုင်းမြို့။

၂၁။ သဘာဝရွှေဂူဆရာတော်၊ စစ်ကိုင်းမြို့။

၂၂။ အနန္တဂုဏ်ရည် ဆရာတော်၊ စစ်ကိုင်းမြို့။

၂၃။ ရွှေမုဋ္ဌောဆရာတော်၊ စစ်ကိုင်းမြို့။

၂၄။ ဟေမဝတီဆရာတော်၊ စစ်ကိုင်းမြို့။

၂၅။ ကမ္ဘာအေးချောင်၊ မျိုးရင်ရင်စာသင်တိုက်၊ ဆရာတပည့်များ။

၂၆။ ခေမေသကချောင်၊ နာယကဆရာကြီး ဖွါးနန္ဒာရီနှင့် တူမ ဒေါ်ဓမ္မဒိန္နာ၊ စစ်ကိုင်းမြို့။
၂၇။ ခေမေသကချောင်၊ နာယကဆရာကြီး ဒေါ်သာမာဝတီ။
၂၈။ ခေမေသကချောင်၊ ဒေါ်ဉာဏောသီနှင့် မြေးများ။
၂၉။ သမိဒ္ဓေါချောင် ဒေါ်ဆန္ဒဘာဂီ (ဓမ္မာစရိယ)
၃၀။ သမိဒ္ဓေါချောင် ဒေါ်ပညာသိဂ်ီ (ဓမ္မာစရိယ)
၃၁။ သမိဒ္ဓေါချောင် ချောင်ဆရာကြီး နှင့် ဒေါ်ဓမ္မေသီ။
၃၂။ သမိဒ္ဓေါချောင် ဒေါ်ကေသီ နှင့် ဒေါ်စန္ဒာသိရီ။
၃၃။ သမိဒ္ဓေါချောင် ဒေါ်စရဝတီ။
၃၄။ မသုခိနီ (ဓမ္မာစရိယ) ဧငြိမ်းချောင်။
၃၅။ အစ်မ ဒေါ်ရွှေဥ၊ မောင် ဦးသိုက်+ဒေါ်တင် အုတ်ကျွတ်ဖိုရွာ
၃၆။ ဦးလှမောင်+ဒေါ်သန်းရွှေ (သမီးလေး) မမြတ်မြတ်သွယ် (TOKYO) ဂျပန်။
၃၇။ ကိုပါ+မချို မုန့်တီစုရပ်၊ မန္တလေးမြို့။
၃၈။ ဦးဇင်းဦးမြ ပထမဇေတဝန်ချောင်။
၃၉။ ဆရာကြီး ဦးထွန်းလွင် (သိရောမဏိ-ဟံသာဂီရိ)
၄၀။ ဒေါ်ကေသာရီ ခေမသကချောင် (အောက်ထပ်)
၄၁။ ဦးတင်ရှိန်အား ရည်စူး၍ ဒေါ်လှရွှေ (အေးချယ်ရီ) စစ်ကိုင်း
၄၂။ ဒေါ်မြညွန့် (ယောဂီ) အပ်ချုပ်စုရပ်၊ စစ်ကိုင်းမြို့။
၄၃။ ကိုညွန့်ဝင်း+မခင်ဝင်းမာ (သမီး) မစပယ်ဦး တောင်ကြား။
၄၄။ မဟာဇေတဝန်ဆရာတော်၊ စစ်ကိုင်းမြို့။

ဘာသန္တရဆောက ပိဋကတ္တယကောဝိဒ မဟာဓမ္မကထိက

အဂ္ဂမဟာပဏ္ဍိတ

**စစ်ကိုင်းတောင်ရိုး၊ အနီးစခန်းဆရာတော်**

**ဟောကြားတော်မူသော**

**အောက်ပါတရားတော်များ ဆက်လက်**

**ထုတ်ဝေပါတော့မည်။**

၁။ မိလိန္ဒပဉှာတရားတော်

၂။ သရဏဂုံသုံးပါးတရားတော်

၃။ ဒါနမဟပ္ဖလတရားတော်

၄။ မဂ္ဂင်ရှစ်ပါးတရားတော်

၅။ မိထွေးတော်ဂေါတမီတရားတော်

၆။ အစ္ဆရိယအဗ္ဘုတတရားတော်

၇။ သာမညဖလတရားတော်

၈။ အာဠဝကသုတ္တန်တရားတော် တို့ ဖြစ်ပါသည်။

အရှင်သုမင်္ဂလ

# ဩဝါဒ

❖❖ လှူတာချင်း တူပါလျက် ဘာကြောင့် သံဃာတော်တွေကိုမှ ရွေးချယ်လှူနေရတာလဲဆိုတော့ သူတို့ရဲ့ သန္တာန်မှာရှိတဲ့ သီလ, သမာဓိ, ပညာဂုဏ်တွေ မြင့်မြတ်လို့မို့ တမင်ရွေးချယ်ပြီး လှူကြရတာ ဖြစ်တယ်။

❖❖ လှူတဲ့ပစ္စည်းကလည်း စင်ကြယ်မယ်, စေတနာသဒ္ဓါတရားကလည်း ထက်သန်မယ်, အလှူခံ ပုဂ္ဂိုလ်ကလည်း ရဟန္တာဖြစ်မယ်, နိရောဓသမာပတ်မှ ထခါစမှာ လှူတာလည်း ဖြစ်မယ်ဆိုရင် ဒီကုသိုလ်ဟာ ခုနစ်ရက် အတွင်းမှာပဲ သေချာပေါက် အကျိုးပေးတော့မယ်။

❖❖ သတ္တဝါတွေကို ချီးမြှောက်တယ်ဆိုတာ ပင်ကိုယ်ဓါတ်ခံက သဒ္ဓါတရားရှိမှ ဖြစ်တာမို့ ကိုယ့်မှာ သဒ္ဓါတရားရှိအောင် အရင် ကြိုးစား ထားကြရမယ်။

အနီးစခန်းဆရာတော်